မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၃၀)

သမိုင်းခေတ်ဦးမှစ၍ ယနေ့တိုင် တစည်းတလုံးတည်း စုစည်းနေထိုင်ခဲ့ကြသည်

ကျွန်ုပ်တို့၏ သွေးချင်းသားချင်း ညီနောင်ရင်းများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားများသည် ဤအမိပြည်ထောင်စုကြီးတွင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြလျက် သုခ၊ ဒုက္ခ ဟူသမျှတို့ကို မျှဝေခံစားကြရင်း တစည်းတလုံးတည်း စုစည်းနေထိုင်ခဲ့ကြသည်မှာ သမိုင်းခေတ်ဦးမှစ၍ ယနေ့တိုင်အောင်ပင် ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၇ ကော်လံ ၁ ✳

7-2 (01).pmd 1 2/7/2009, 3:06 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်)

ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေး တိုင်းရင်းသားပြည်သူများ တက်ညီလက်ညီ လက်တွဲကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားများ နှစ်ပရိစ္ဆေဒရှည်လျားစွာ ဥမကွဲသိုက်မပျက် အတူတကွ ပေါင်းစည်းနေထိုင်ခဲ့ကြသော နိုင်ငံဖြစ်သည်။ မြန်မာတိုင်းရင်းသားများသည် အဆင့်အတန်းမြင့်မားပြီး မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို သားစဉ်မြေးဆက် ထိန်းသိမ်းရန် ပြည်ထောင်စု၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် ပင်လုံညီလာခံ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့ကြသည်။

တိုင်းရင်းသားပြည်သူများသည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းကို အစဉ်အမြဲသတိရနေရမည်ဖြစ်ပြီး နိုင်ငံတော် အစွန့်ရှည် တည်တံ့ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်ထောင်စုကြီးကို ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက် သွားကြရမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးတစ်မျိုး (သို့မဟုတ်) ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းတစ်ရပ်ရပ်ကို သီးသီးသန့်သန့် ခွဲခြားပိုင်းခြားမရနိုင်ဘဲ ပြည်ထောင်စုကြီးတစ်ရပ်လုံးနှင့် တိုင်းရင်းသားလူမျိုးများအားလုံးကို လွှမ်းခြုံပေးနိုင်မှသာ ပြီးပြည့်စုံသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေသည် ပြည်ထောင်စုကြီး၏ ထူးခြားသောဝိသေသ ဂုဏ်ရည်ပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းရာ၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး(၁၇)ဖွဲ့နှင့် အဖွဲ့ငယ်အများအပြားသည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းရာမှာ နယ်စပ်ဒေသများပါမကျန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို ပြည်ထောင်စုတစ်ဝန်း တည်ဆောက်ပေးထားခဲ့သည်။

သမိုင်း၏ ခါးသီးသည့် အတွေ့အကြုံများ ပြန်လည်မပေါ်ပေါက်ရန် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံသားတိုင်းက အမျိုးသားရေးဝါဒအဖြစ် စွဲမြဲစွာခံယူထားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် တိုင်းရင်းသားပြည်သူအပေါင်းက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီ ရုပ်မြင်သံကြား

၇-၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး** (အပိုင်း-၂၁)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မင်းအချစ်ကသေစေနိုင်တယ်** သရုပ်ဆောင် လူမင်း၊ အိန္ဒြာကျော်ဇင်၊ (ဒါရိုက်တာ မီးပွား)
၁၃:၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၁၉)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၅ ၅။ ၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၄:၂၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၂၀)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ (English Usage)
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၁၇)

ဆားလင်းကြီးမြို့ စက်ရုံနှင့် ဝင်းသူဇာအရောင်းဆိုင်များ စက်မှု(၁)ဝန်ကြီးဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၁ရက်က စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ခန်းမ၌ စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ဝင်းသူဇာအရောင်းဆိုင်ကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ပုလဲမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကိုလည်းကောင်း၊ ဝါဝယ်ယူမှုအခြေအနေနှင့် စနစ်တကျ သိုလှောင်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂ရက်က မကွေးတိုင်း ပခုက္ကူမြို့နယ် ကျပ်ပြည့် အခြေခံပညာ အထက်တန်းကျောင်းခွဲ စိန်တရစ်ကျောင်းဆောင်သစ် ပန္နက်တင် မင်္ဂလာအခမ်းအနားနှင့် စိမ့်စမ်းရည် တိုင်တစ်လုံးကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပခုက္ကူမြို့နယ် ကျတ်ထိုးကျေးရွာရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ နေလှန်းဆား ထုတ်လုပ်ရေးလုပ်ငန်း၊ ပခုက္ကူမြို့နယ် မြစ်ခြေဝါအဝယ်ဒိုင် **(အပေါ်ပုံ)**နှင့် ရေနံချောင်းမြို့ရှိ ရွှေနဂါးစက်မှုလက်မှု Star မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဝါဝယ်ယူရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကြီးဇုန်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းကြီးမှူး မြန်မာ့သစ်ခွပန်းပြပွဲ(အင်းလေး)ပြင်ဆင်ထားရှိမှု

စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များအား ရှင်းလင်း

တောင်ကြီး ဖေဖော်ဝါရီ ၆

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ စီစဉ်ကြီးကြပ်မှုဖြင့် တောင်ကြီးဇုန် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပမည့် မြန်မာ့သစ်ခွပန်းပြပွဲ (အင်းလေး)အတွက် ပြင်ဆင်ထားရှိမှုများကို သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ၄ရက် နံနက် ၉နာရီက တောင်ကြီးဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ရှင်းလင်းပွဲသို့ တောင်ကြီးဇုန်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးဦးထွန်းလွင်နှင့် တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ပင်းတယတို့မှ ပြပွဲတာဝန်ရှိသူများ၊ တောင်ကြီးမြို့နယ် စာပေစာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စိန်ဝင်း (မောင်ခွန်နွယ်-အင်းလေး)နှင့် မြန်မာ့အလင်းသတင်းထောက် ဦးညီညီမောင်(ညီညီမောင်)၊ ကြေးမုံသတင်းထောက်(ဓာတ်ပုံသန်းဝေ၊တောင်ကြီး)နှင့် ဂျာနယ်သတင်းထောက်များ၊ ကိုယ်ပွားသတင်းစာတိုက်တောင်ကြီးမှ စာတည်း(တာဝန်ခံအရာရှိ)ဦးနိုင်ထွန်းနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူးဦးစန်းလွင်ဦး၊ မြန်မာ့ခရီးသွားလုပ်ငန်းမှ မန်နေဂျာဦးရန်အောင်နှင့် မြန်မာနိုင်ငံ ပန်းပညာရှင်များအသင်းမှ ကော်မတီဝင်ဦးဉာဏ်ထွန်း (မောင်မြန်မာပျိုးဥယျာဉ်)တို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဟိုတယ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးထွန်းလွင်နှင့် သစ်ခွပန်းပြပွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး ၄င်းသစ်ခွပန်းပြပွဲ(အင်းလေး)ကို မတ် ၁၅ရက်မှ ၁၇ရက်အထိ ညောင်ရွှေမြို့နယ် အင်းလေးဒေသ ငါးဖယ်ချောင်းကျေးရွာရှိ ပါရာမောင့် ဟိုတယ်၌ သုံးရက်ကြာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံချောင်းဖျားကျေးရွာ ကျေးလက်ကျန်းမာရေး အဆောက်အအုံသစ်ဖွင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံချောင်းဖျားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ၃၁ရက် နံနက် ၁၀နာရီက ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ကုသပေးမည်

အဆိုပါကျွဲခြံချောင်းဖျား ကျေးလက်ကျန်းမာရေးဌာနခွဲမှာ ငွေကျပ်သိန်း၂၅၀ဖြင့် ဆောက်လုပ်ခဲ့သော အဆောက်အအုံဖြစ်ပြီး ကျေးရွာအုပ်စုလေးအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၃ရွာမှ ဒေသခံပြည်သူ၄၈၂၇ဦးတို့၏ ကျန်းမာရေးအား စောင့်ရှောက်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဟုသိရသည်။ (၁၄၂)

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၃၆) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းအဝင်မုခ်ဦးဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အလှူရှင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် ဇနီး ရှရီ မာတီ ဆယ်မာ အန်ဆာရီတို့ ချစ်ကြည်ရေးအထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် ဇနီး ရှရီ မာတီ ဆယ်မာ အန်ဆာရီတို့ အမျိုးသားပရဆေးဥယျာဉ် ချစ်ကြည်ရေးသစ်ပင်စိုက်ကွက်၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် အဖြစ် ခရေပင်ကို စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေကြသော ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့်ဇနီး ရှရီ မာတီ ဆယ်မာ အန်ဆာရီတို့သည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့် ဇနီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ လိုက်ပါလျက် ယနေ့နံနက် ၁၁နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားပရဆေးဥယျာဉ်သို့ ရောက်ရှိလာကြရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးတို့က ကြိုဆိုကြသည်။

ခရေပင်စိုက်ပျိုး

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့်ဇနီး ရှရီ မာတီ ဆယ်မာ အန်ဆာရီတို့သည် ချစ်ကြည်ရေးသစ်ပင်စိုက်ကွက်၌ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ခရေပင်ကိုစိုက်ပျိုးပေးကြပြီး မြေသြဇာနှင့် ရေစင်တို့ကို သွန်းလောင်းပေးကြသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး၊ နေပြည်တော်မြို့တော်ဝန်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် ဇနီးတို့သည် အမျိုးသား ပရဆေးဥယျာဉ်မှ ပြန်လည် ထွက်ခွာသွားကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်အတွင်း တည်ဆောက်ရေး လုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီ မြန်မာ-အိန္ဒိယ စီးပွားရေးစွမ်းဆောင်မှုပညာ ဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC) ကွန်ပျူတာခန်းမတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေကြသော ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီအမ်ဟာမစ် အန်ဆာရီနှင့် ဇနီး ရှရီမာတီ ဆယ်မာအန်ဆာရီ တို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့် ဇနီး၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Aloke Sen၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့လိုက်ပါလျက် ယနေ့မွန်းလွဲ၁နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တည်ခင်းဧည့်ခံ

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းနှင့်ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းတို့ တက်ရောက်ကြသည်။

တက်ရောက်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ စီးပွားရေးတက္ကသိုလ်၌ ကျင်းပသော မြန်မာ-အိန္ဒိယ စီးပွားရေး စွမ်းဆောင်မှုပညာ ဖွံ့ဖြိုးမှုသင်တန်းဌာန (Myanmar-India Entrepreneurship Development Centre) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ဖဲကြိုးဖြတ်၍ မြန်မာ-အိန္ဒိယ စီးပွားရေး စွမ်းဆောင်မှု ပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC) ကို ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီက စက်ခလုတ်နှိပ်၍ မြန်မာ-အိန္ဒိယစီးပွားရေး စွမ်းဆောင်မှုပညာ ဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC) ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယပိုင်း အစီအစဉ်များကို တက္ကသိုလ်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာရန်ကုန်စီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကံဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီက ကျေးဇူးတင်စကား ပြောကြား သည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ပါမောက္ခချုပ်ဒေါက်တာကံဇော်က ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီအား MIEDC ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကိုပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် MIEDC ရှိ ကွန်ပျူတာခန်းမနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ပြန်လည်ပေးအပ်

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီးတို့သည် ဧည့်ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့်အမွှေး နံ့သာတိုင်များဖြင့် ဆက်ကပ်ပူဇော်ကြပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံပြီး ဓမ္မလက်ဆောင်ကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်အား လက်ယာရစ်လှည့်လည် ကြည်ညိုကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Aloke Sen က ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒဂုံမြို့နယ်ရှိ ၎င်း၏ နေအိမ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၇-၂-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ **နင်းကြည့်စမ်းပါ** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၇။ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၂၅ ၈။ အတီးပြိုင်ပွဲ
- ၈:၄၀ ၉။ International News
- ၈:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၁:၃၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၀၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၂၅ ၆။ Yan Can Cook
- ၁၂:၅၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၂၀)
- ၁၃:၂၀ ၈။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၁၄:၁၅ ၉။ **ပိုင်နိုင်ခိုင်မြဲအောင်** ခန့်စည်သူ၊ ထွန်းထွန်းဝင်း၊ မိုးစန္ဒီကျော်၊ ငွေစင်သွန်း၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
- ၁၄:၅၀ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၅ ၄။ ၂၀၀၉ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲဘာသာရပ်ဆိုင်ရာသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
- ၅:၀၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၆။ တေးဂီတအစီအစဉ်
- ၅:၂၀ ၇။ **၂၀၀၇ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပပုံတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **၂၀၀၇ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပပုံထုတ်လွှင့်မှု အစီအစဉ်**
- ၁၂။ အစီအစဉ်ပြီး၏။

အထက(၃)စမ်းချောင်း ဒသမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အထက(၃)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ်၂ရက် (တောင်သူလယ်သမားနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၂၅ရက်မှစ၍ အပတ်စဉ် (တနင်္ဂနွေနေ့)တိုင်း မွန်းလွဲ ၁နာရီတွင် အစည်းအဝေးကိုအဆိုပါကျောင်း၌ ကျင်းပသွားမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေ ထည့်သွင်းလိုသူများသည် ဦးအေးသိန်း ဖုန်း-၀၉-၅၁-၀၈၀၈၇၊ ဦးခင်ဝင်း ဖုန်း-၀၉-၅၁-၃၈၂၃၃၊ ဦးကံသာ ဖုန်း-၅၀၁၄၂၅၊ ဦးသန်းထွန်းဦး ဖုန်း-၅၁၉၀၂၈၊ ဆရာရွှေဇီဝ ဖုန်း-၀၉-၅၁-၄၉၅၃၃၊ ဒေါ်ကြည်ကြည်ထွေး ဖုန်း-၀၉-၈၀-၂၁၃၂၆၊ ဦးနန်းအောင်ကြည် ဖုန်း-၀၉-၅၁-၉၇၇၃၉၊ ဦးမျိုးသန့် ဖုန်း-၀၉-၈၀-၂၃၅၃၅၊ ဦးခင်မောင်ဝင်း ဖုန်း-၅၁၀၆၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



အမေရိကန်တပ်များသို့ ရိက္ခာပို့ရာလမ်းကြောင်း စစ်သွေးကြွများက ဖြတ်တောက်တိုက်ခိုက်ခဲ့

ပက်ရှဝါ ဖေဖော်ဝါရီ ၆

စစ်သွေးကြွများသည် ဖေဖော်ဝါရီ ၃ရက်က ပါကစ္စတန်မြောက်ပိုင်းရှိ တံတားတစ်စင်းကို ဖျက်ဆီးပစ်ခဲ့သည်။ ယင်းတံတား ဖျက်ဆီးခဲ့ခြင်းသည် အာဖဂန်နစ္စတန်ရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များအတွက် အဓိက အထောက်အပံ့လမ်းကြောင်းကို ဖြတ်တောက်လိုက်ခြင်းပင်ဖြစ်သည်။

ယင်းဖြစ်ရပ်မှာ နောက်ဆုံးနှင့် အပြင်းထန်ဆုံးဖြစ်ပြီး တာလီဘန်များအား ဆန့်ကျင်တိုက်ခိုက်နေသော အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များကို ရိက္ခာ ထောက်ပံ့ပေးရေး နှောင့်နှေးစေခဲ့သည်။ ထို တိုက်ခိုက်မှုကြောင့် ရိက္ခာ အထောက်အပံ့ အချိန်ကြာမြင့်စွာ အဟန့်အတား ဖြစ်စေခဲ့ကြောင်း၊ သို့သော် မဟာမိတ်များအတွက် အစားအသောက်များ၊ ကိရိယာပစ္စည်းများ၊ လောင်စာများ ပေးပို့ခြင်းများကို ထိခိုက်မှုမရှိခဲ့ကြောင်း၊ အာဖဂန်နစ္စတန်ရှိ နေတိုးပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အထောက်အပံ့နှင့်လောင်စာ

ကရာချိဆိပ်ကမ်းတွင် ကုန်များချခဲ့ပြီးနောက် အထောက်အပံ့နှင့်လောင်စာ ၇၅ရာခိုင်နှုန်းမှာ ပါကစ္စတန်ကိုဖြတ်ပြီး အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့် နေတိုး တပ်ဖွဲ့ဝင်များအတွက် ပေးပို့နေသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်များအား ရိက္ခာပို့ရာတွင် သုံးသော ပါကစ္စတန်မြောက်ပိုင်းရှိတံတားကို စစ်သွေးကြွများဖျက်ဆီးပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဝန်ကြီးချုပ်ဟောင်းမီးစ်ဘူတို လုပ်ကြံခံရမှု စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ရန် စီစဉ်လျက်ရှိ

ဂျီနီဗာ ဖေဖော်ဝါရီ ၆

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတိုလုပ်ကြံခံရမှုကို စုံစမ်းစစ်ဆေးရန်၊ အဖွဲ့ဝင်သုံးဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဆုံးဖြတ်လိုက်ပြီဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ မာရီယိုအိုကာဘေးက ဖေဖော်ဝါရီ၄ရက်တွင် ပြောကြားသည်။

ရည်ရွယ်ချက်

အဖွဲ့ဝင်သုံးဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ရန် ၎င်း၏ရည်ရွယ်ချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ စာဖြင့် အကြောင်းကြားထားသည်ဟုလည်း ကုလသမဂ္ဂအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ မာရီယို အိုကာဘေးက သတင်းထောက်များအား ပြောကြားလိုက်သည်။

လုပ်ကြံခံရ

မီးစ်ဘူတိုမှာ အစ္စလမ္မာဘတ် မြို့တော်အနီး ရဝါပင်ဒီမြို့၌ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က ရွေးကောက်ပွဲမဲဆွယ်ဟောပြောအပြီးတွင် လုပ်ကြံခံခဲ့ရခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဩစတြေးလျနိုင်ငံတစ်ဝန်း အပူလှိုင်းကျရောက်

ဆစ်ဒနီ ဖေဖော်ဝါရီ ၆

ဩစတြေးလျနိုင်ငံတွင် နှစ်တစ်ရာအတွင်း အမြင့်မားဆုံးအပူချိန်များ ကျရောက်နေကြောင်းသိရသည်။ ၁၁၄ ဒီဂရီဖာရင်ဟိုက်အထိ တိုးမြင့်လာခြင်းကြောင့် လူသေဆုံးမှုများလည်းရှိနေခဲ့ပြီး တစ်မြို့ထဲတွင်ပင် အနည်းဆုံး ၂၂ဦးမှာ ပြင်းပြသောနေပူရှိန်ကြောင့် သေဆုံးခဲ့ကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သည်။ နိုင်ငံတောင်ပိုင်း မြို့တော်ဖြစ်သည့် အဒီလိုင်ဒီတွင်ပင် သေဆုံးသူ ၂၂ဦးရှိပြီး နေ့အပူချိန်သည် ၁၁၀ဒီဂရီ ဖာရင်ဟိုက်အောက်သို့ မကျဆင်းကြောင်း မိုးလေဝသပညာရှင်များက ဆိုသည်။ သက်ကြီးရွယ်အိုများသည် အပူချိန်မြင့်မားမှုကြောင့် ပိုမိုအသေအပျောက်များပြီး တောင်ပိုင်း ဩစတြေးလျ ကျန်းမာရေးဝန်ကြီး ဂျွန်ဟေးလ်က ယင်းအခြေအနေအပေါ် စိုးရိမ်မိကြောင်း အတည်ပြုပြောကြားခဲ့သည်။

ပြောကြား

လူသိန်းပေါင်းများစွာတို့သည် အရှေ့တောင်ဘက် ဩစတြေးလျကမ်းခြေတွင် သွားရောက်အပန်းဖြေနေကြပြီး နေရာတိုင်းရှိ ရေခဲမုန့်အရောင်းဆိုင်များသည် ရောင်းမလောက်အောင် ဖြစ်နေကြကြောင်း ဒေသခံများကဆိုသည်။ နေပူလွန်းသဖြင့် နေ့ခင်းအချိန်တွင် အပြင်ထွက်သူမရှိသလောက်ဖြစ်နေတတ်ပြီး မီးရထားလိုင်းများလည်း နေ့လယ်ပိုင်း ပြေးဆွဲမှုကို ရပ်နားထားရသည်။ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများက ပြည်သူများအား အပူချိန်အလွန်မြင့်မားနေချိန်တွင် အရိပ်အောက်မှ မထွက်ကြရန် နှိုးဆော်ထားပြီး ယခုကဲ့သို့ အပူချိန်မြင့်မားနေမှုသည် လွန်ခဲ့သော နှစ်တစ်ရာအတွင်း အပူလှိုင်းဖြတ်စဉ်က စံချိန်ဟောင်း ၁၁၀ဒီဂရီ ဖာရင်ဟိုက်ကို ကျော်လွန်သွားခဲ့ပြီဖြစ်သည်။ ၁၉၆၅ခုနှစ် အပူလှိုင်းဖြတ်ပြီး မိုးခေါင်စဉ်က ၁၁၀ဒီဂရီဖာရင်ဟိုက်အထိ အပူချိန်ထိုးတက်ခဲ့ဖူးသည်။ ထို့အပြင် ယခုအပူချိန်တိုးမြင့်မှုကြုံနေရသည့် မြို့ပတ်ဝန်းကျင်မှအိမ်ခြေ ၁၈၀၀၀ကျော်မှာ လျှပ်စစ်မီးများ ပြတ်တောက်သွားသောကြောင့် လေအေးပေးစက်များ မဖွင့်နိုင်သကဲ့သို့ မြို့ခံအာဏာ ပိုင်များအနေနှင့် မည်သည့်အချိန်တွင် လျှပ်စစ်မီးပြန်ပေးနိုင်မည်ကို အာမခံချက်မပေးနိုင်ဟု ကြိုတင်အသိပေးထားကြောင်း ပြောကြားသွားသည်။

အပူချိန်လွန်ကဲ

ဆေးဝန်ထမ်းများသည်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲကြုံနေရပြီး စိုက်ပျိုးရေး လုပ်သားများကလည်း အချိန်မီသီးနှံများ ရိတ်သိမ်းရေး မှာ အပူလှိုင်းဖြတ်သန်းမှုကြောင့် အကောင်အထည်မဖော်နိုင်သေးကြောင်း ညည်းတွား လျက်ရှိကြသည်။ ထို့အပြင် ဒေသတွင်းတိရစ္ဆာန်ရုံများမှ တိရစ္ဆာန်များလည်း အပူချိန်လွန်ကဲမှုကြောင့် သေကျေလျက်ရှိကြောင်းသိရသည်။ (အင်တာနက်)

ဩစတြေးလျနိုင်ငံတွင် အပူချိန်လွန်ကဲမှုကြောင့် အပူဒဏ်ခံစားနေရသူတစ်ဦးကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆေးဝါး ကုသပေး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဆေးရုံတွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါး ကုသပေးလျက်ရှိသည်ကို ဖေဖော်ဝါရီ ၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စီးပွားရေးကျဆင်းနေမှုကို အထောက်အကူပြုရန် ဂျပန်နိုင်ငံက ဒေါ်လာ ၁၇ဘီလီယံသုံးစွဲမည်

တိုကျို ဖေဖော်ဝါရီ ၆

အာရှနိုင်ငံများ၏ စီးပွားရေးကျဆင်းနေမှုကို ကူညီပေးရန် ဂျပန်ယန်းငွေ ၁ဒသမ၅ထရီလီယံ(အမေရိကန်ဒေါ်လာ ၁၇ဘီလီယံ)သုံးစွဲသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်တာရိုအာဆိုက ကြေညာလိုက်သည်။

ယင်းငွေကြေးကို အခြေခံအဆောက်အအုံ စီမံကိန်းများနှင့် ကုန်သွယ်မှု တိုးမြှင့်ရေးအတွက် သုံးနှစ်ကျော် ကြာသည့်တိုင်အောင် သုံးစွဲသွားမည်ဟု ဆိုသည်။

မျှော်လင့်

အဆိုပါ ရန်ပုံငွေကို ယခုနှစ်ကုန်ပိုင်း ထိပ်သီးအစည်းအဝေးတစ်ရပ်၌ တင်ပြသွားရန် မျှော်လင့်ကြောင်း၊ ယင်းငွေကြေး သုံးစွဲမှုသည် ဒေသတွင်း တိုးတက်မှုကို အထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံက မျှော်လင့်ထားသည်။

ချမ်းသာသော နိုင်ငံများအနေဖြင့် ဆင်းရဲသောနိုင်ငံငယ်များကို အကူအညီပေးရန်လည်း တာရိုအာဆိုက ဆော်ဩလိုက်သည်။

ရင်ဆိုင်နေရ

အာရှဘဏ်များသည် ဥရောပနှင့် အမေရိကန်ဘဏ်များထက် ငွေကြေးအခက်အခဲ အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ ဂျပန်နိုင်ငံအနေဖြင့် ပင်လယ်ရပ်ခြား ဖွံ့ဖြိုးရေးအကူအညီကို ယန်းငွေ ၁ဒသမ၅ထရီလီယံထက်မနည်း အကူအညီပေးရန် အသင့်ရှိနေကြောင်းလည်း မစ္စတာ အာဆိုက ဒါဗို့စ်မြို့၌ ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ပြောကြားသည်။

(အင်တာနက်)

တန်ဖိုးနည်း လက်ပ်တော့ပ်ကွန်ပျူတာ အိန္ဒိယနိုင်ငံက ထုတ်လုပ်လိုက်ပြီ

နယူးဒေလီ ဖေဖော်ဝါရီ ၆

အိန္ဒိယနိုင်ငံသည် ကျောင်းသား ကျောင်းသူများနှင့် ကလေးငယ်များ သုံးစွဲနိုင်ရန် ရည်ရွယ်လျက် ကုန်ကျစရိတ် သက်သာသောလက်ပ်တော့ပ်ကွန်ပျူတာများ ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

မြှင့်တင်ပေး

အဆိုပါ ဈေးနှုန်းချိုသာသည့် လက်ပ်တော့ပ်ကွန်ပျူတာ ထုတ်လုပ်ခြင်းသည် အိန္ဒိယကောလိပ်များနှင့် ကျောင်းများ၌ အသုံးပြုနေသော ကွန်ပျူတာနည်းပညာ အဆင့်အတန်းကို မြှင့်တင်ပေးရာလည်း ရောက်သည်ဟု ဆိုသည်။

ကြိုးမဲ့ဆက်သွယ်

အဆိုပါ လက်ပ်တော့ပ်ကွန်ပျူတာ ထုတ်လုပ်မှုနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို မသိရသေးသော်လည်း ကြိုးမဲ့ဆက်သွယ် အသုံးပြုနိုင်ပြီး တူးဂစ်မင်မိုရီလည်း ပါရှိမည်ဟုဆိုသည်။

အပြိုင်ဖြစ်လာ

ဤလက်ပ်တော့ပ် ကွန်ပျူတာ ထုတ်လုပ်မှုသည် ကလေးတစ်ဦး ကွန်ပျူတာတစ်လုံး စီမံကိန်း**(ယာပုံ)** အတွက် တန်ဖိုးနည်း ကွန်ပျူတာများ ထုတ်လုပ်သည့် အင်တဲလ် ကုမ္ပဏီနှင့်အပြိုင် ဖြစ်လာလိမ့်မည်ဟု ဆိုသည်။

တန်ဖိုးသတ်မှတ်

အိန္ဒိယနိုင်ငံမှထုတ်လုပ်မည့် လက်ပ်တော့ပ်ကွန်ပျူတာသည် အနည်းဆုံး ဒေါ်လာ ၁၀၀ တန်ဖိုးသတ်မှတ်မည်ဟု ဆိုသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း
စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အများစုရဲ့အဆုံးအဖြတ်ကို အနည်းစုကလိုက်နာတာ ဒီမိုကရေစီကျင့်စဉ်ပါပဲ

မြန်မာနိုင်ငံသည် ယနေ့ကာလ ပြည်တွင်းစစ်ဟု လက်ဝဲနိုင်ငံရေးသမားများ ပြောလေ့ရှိသော ပြည်တွင်းရောင်စုံသောင်းကျန်းမှု ချုပ်ငြိမ်းကာ အေးချမ်းသာယာတည်ငြိမ်လျက်ရှိသည်။ ငြိမ်းချမ်းမှုနှင့်အတူ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအဆောက်အအုံကို ပီပီပြင်ပြင် တည်ဆောက်နိုင်ပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်ကို အေးချမ်းတည်ငြိမ်၊ ခေတ်မီဖွံ့ဖြိုး၍ စစ်မှန်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး ခရီးစဉ်သည် ပဉ္စမအဆင့်သို့ ရောက်နေပြီဖြစ်သည်။

ဒီမိုကရေစီလမ်းပြမြေပုံအတိုင်း မြန်မာတို့ချီတက်ခဲ့ရာ အမျိုးသားညီလာခံ ကျင်းပပြီး အခြေခံဥပဒေသစ်အတွက် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများချမှတ်သည့် ပထမဆုံးရေ့လုပ်ငန်းစဉ် အောင်မြင်ပြီးမြောက်ခဲ့သည်။ ဒုတိယလုပ်ငန်းစဉ်ဖြစ်သော ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်သော အခင်းအကျင်းများလည်း ခရီးရောက်စွာ ခင်းကျင်းလျက်ရှိနေသည်။ တတိယလုပ်ငန်းစဉ်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ညီလာခံမူများကို အခြေခံလျက် ရေးဆွဲပြီးစီးပေပြီ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)ကို တိုင်းရင်းသားပြည်သူမဲဆန္ဒရှင် ၉၂ဒသမ၄၈ရာခိုင်နှုန်းက တစ်ခဲနက်ထောက်ခံအတည်ပြုပေးခဲ့သည်။ ထို့ကြောင့် စတုတ္ထလုပ်ငန်းစဉ်လည်း ပြီးမြောက်ခဲ့ပြီးဖြစ်သည်။

ပဉ္စမလုပ်ငန်းစဉ်ဖြစ်သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ကျင်းပတော့မည်ဖြစ်သည်။ ၂၀၁၀ရွေးကောက်ပွဲပြီးစီးလျှင် ဆဋ္ဌမမြောက်လုပ်ငန်းစဉ်ဖြစ်သော ဥပဒေပြုမည့် ပြည်ထောင်စုလွှတ်တော်၊ စီမံအုပ်ချုပ်မည့် သမ္မတကြီးဦးဆောင်သော အုပ်ချုပ်ရေး(အစိုးရ)အဖွဲ့၊ တရားစီရင်မည့် ပြည်ထောင်စုတရားလွှတ်တော်များ ဖွဲ့စည်း၊ တင်မြှောက်ရွေးချယ်၊ ဖော်ဆောင်မှုကို ဆက်တိုက်လုပ်ကိုင်အကောင်အထည်ဖော်မည်။ သတ္တမမြောက် လုပ်ငန်းစဉ်ကြီးကား ယင်းသို့ဖွဲ့စည်းရွေးချယ်ဖော်ဆောင်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး တာဝန်ခံအဖွဲ့များက နိုင်ငံတော်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာ၊ ခေတ်မီဖွံ့ဖြိုး၍ စစ်မှန်စည်းကမ်းပြည့်ဝသော နိုင်ငံတော်ကြီးကို တည်ဆောက်ပေးသွားကြမည်ဖြစ်သည်။ ဒီမိုကရေစီ အနက်အဓိပ္ပာယ် ပြည့်ဝသော ထိုရေ့လုပ်ငန်းစဉ် (၇)ရပ်သည် ပြည်သူတို့၏ သဘောဆန္ဒနှင့် ကိုက်ညီသဖြင့် ဤမျှခရီးပေါက် အောင်မြင်လာခဲ့ခြင်း ဖြစ်ပေသည်။

အခြေခံဥပဒေတွင် ပါဝင်ရမည့်မူများ ချမှတ်သော အမျိုးသားညီလာခံသည် တိုင်းရင်းသားစုံ၊ ဒေသစုံ၊ နယ်ပယ်စုံ၊ လူထုလူတန်းစားအလွှာစုံမှ ကိုယ်စားလှယ် တစ်ထောင်ကျော်တို့ ဒီမိုကရေစီနည်းကျ အပြန်အလှန်၊ အချေအတင် ဆွေးနွေးညှိနှိုင်းပြီးမှ သဘောထားတူညီစွာ မူများချမှတ်ခဲ့ခြင်းဖြစ်သည်။ ပြည့်စုံလေးနက်မှုအရှိဆုံး တွေ့ဆုံဆွေးနွေးမှု၊ တစ်ခဲနက်ချမှတ်နိုင်ဆုံး ဒီမိုကရေစီကျင့်သုံးမှု ရလဒ်ပင်ဖြစ်သည်။

ညီလာခံမူများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ၅၄ဦးတွင် ပြည်နယ်/တိုင်း ဒေသစုံမှ ဥပဒေပညာရှင်၊ နိုင်ငံရေး-အုပ်ချုပ်ရေး အတွေ့အကြုံကြွယ်ဝသူ၊ သုတေသီပညာသည်များ ပါဝင်ပြီး ညီလာခံမှ ချမှတ်ပေးခဲ့သည့်မူများကို အခြေခံကာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)ကို အပြန်အလှန်ညှိနှိုင်းရေးဆွဲရာ၌လည်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီပင်ဖြစ်ခဲ့သည်။ လွတ်လပ်ပွင့်လင်းပြီး တရားမျှတသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တိုင်းရင်းသားပြည်သူများက စိတ်တိုင်းကျ လွတ်လပ်စွာ မဲဆန္ဒပေးခဲ့ကြသည်။ ဤသို့လွတ်လပ်၍ တရားမျှတသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူ ၉၂ဒသမ၄၈ရာခိုင်နှုန်းက အခြေခံဥပဒေမူကြမ်း(၂၀၀၈)ကို ထောက်ခံမဲပေးပြီး အတည်ပြုခဲ့ကြသည်။

နိုင်ငံလူဦးရေ (၅၇၃၇၀၇၁၃)အနက် အသက် ၁၈နှစ်ပြည့်ပြီး မဲဆန္ဒပေးခွင့်ရှိသူ (၂၇၂၈၈၂၇)ရှိရာမှ ဆန္ဒပေးသူ (၂၆၇၇၆၆၇၅)ဦး ၉၈ဒသမ၁၂ ရာခိုင်နှုန်းက အခြေခံဥပဒေကို ဆန္ဒမဲပေးကြသည်။ မဲပေးသူ ၂၆သန်းကျော်အနက် ထောက်ခံမဲပေးသူမှာ (၂၄၇၆၄၁၂၄)ဦး ၉၂ဒသမ ၄၈ရာခိုင်နှုန်းဖြစ်သည်။ ကန့်ကွက်မဲပေးသည့် ဦးရေမှာ(၁၆၃၁၇၁၂)ဦး ၆ဒသမ၁ရာခိုင်နှုန်း မဲဆန္ဒပေးရာ၌ စည်းကမ်းမညီ၍ ပယ်ခဲ့ရသူပေါင်း (၃၈၀၈၃၉)ဦး ၁ဒသမ၄၂ ရာခိုင်နှုန်းဖြစ်သည်။ ဤစာရင်းဇယားများကိုကြည့်လျှင် ပြည်သူ၂၅သန်းနီးပါးက အခြေခံဥပဒေကို ထောက်ခံမဲပေးခဲ့သည်။ ထောက်ခံသည့် ရာခိုင်နှုန်းမှာ ၉၂ဒသမ၄၈ဖြစ်သည်။ အခြေခံဥပဒေကို ကန့်ကွက်မဲပေးသူဦးရေမှာ တစ်သန်းခွဲကျော် ၆ဒသမ၁ ရာခိုင်နှုန်းရှိလေရာ ဒီမိုကရေစီကျင့်စဉ်အရ နိုင်ငံသား ၁၀၀တွင် နိုင်ငံသား ၉၂ယောက်ကျော်က လိုလားထောက်ခံပြီး ခြောက်ယောက်ကျော်က မလိုလား၍ ကန့်ကွက်သည်ဟု ရှုမြင်နိုင်ပေသည်။

ဦးမြေကျော်

အခြေခံမူများချမှတ်ပေးသည့် အမျိုးသားညီလာခံကြီးသို့ ၁၉၉၃ခုနှစ်မှ ၁၉၉၅ခုနှစ် နှောင်းပိုင်းအထိ မြန်မာနိုင်ငံတွင် တရားဝင်ရပ်တည်ဆဲပါတီ ၁၀ခုစလုံး တက်ရောက်ခဲ့ပြီး ၁၉၉၅ခုနှစ် နှောင်းပိုင်းမှ ၂၀၀၄ခုနှစ်အစပိုင်းအထိ အမျိုးသားညီလာခံကြီးကို ယာယီအားဖြင့်ရပ်ဆိုင်းထားခဲ့ရသည်။ ထို့နောက် ၂၀၀၄ခုနှစ် နှစ်ဦးတွင် ပြန်လည်စတင်ကျင်းပခဲ့ရာ ၂၀၀၄ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ပါတီရှစ်ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ညီလာခံကြီးကို ဆန့်ကျင်သပိတ်မှောက်ထွက်သွားသော NLD ပါတီက ၄င်းတို့ပါဝင် တက်ရောက် ချမှတ်ခဲ့သည့် အခြေခံဥပဒေအခန်း ၁/၂/၃တို့ကို သဘောတူညီခဲ့ပြီးမှ ၂၀၀၄ ခုနှစ်တွင် ထိုအခြေခံမူများ အခန်း(၁)ပါ မူ(၁၀)ချက်ကို ဖျက်ပေးရမည်ဟု ညီလာခံအပြင်ဘက်မှ တောင်းဆိုခဲ့ကြသည်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ပြည်ထောင်စုမပြိုကွဲရေးမူများကို လက်မခံနိုင်ဟု ဆိုခဲ့ကြသည်။

ယခုအခါ ညီလာခံလည်း ကျင်းပပြီးစီးပြီ။ အခြေခံဥပဒေကိုလည်း ရေးဆွဲပြီးပြီ။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပြည်သူ၉၃ရာခိုင်နှုန်းနီးနီးကလည်း ထောက်ခံမဲပေးကာ အခြေခံဥပဒေသစ်ကို အတည်ပြုပြီးပြီ။ ထိုအချိန်တွင် NLD က အခြေခံဥပဒေသစ်ကို လက်မခံ၊ ပါတီကို မှတ်ပုံမတင်၊ ၂၀၁၀ ရွေးကောက်ပွဲမဝင်ဟု ကြေညာချက်ထုတ်သည်။ ပြည်ပအသံလွှင့် ဌာနများမှ တစ်ဆင့် ကြေညာသည်။ ပြည်ပြေးများက ဩဘာပေးကြသည်။ ထိုမျှမက ပြည်သူတို့ တစ်ခဲနက်အတည်ပြုထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တပ်မတော်၊ NLD နှင့် တိုင်းရင်းသားအဖွဲ့များတွေ့ပြီး ပြန်လည်သုံးသပ်ရမည်ဟု ကလေးကလား တောင်းဆိုလာပါသည်။

NLD သည် ဒီမိုကရေစီ၏ သဘောလက္ခဏာကို မည်သို့သဘောပေါက်ခံယူသည်မသိ။ ပြည်သူ ၉၃ရာခိုင်နှုန်းနီးပါးက ထောက်ခံဆုံးဖြတ်ပေးသော အခြေခံဥပဒေကို လက်မခံနိုင်ဟုဆိုခြင်း၊ ပြည်သူအတည်ပြုပြီးသား အခြေခံဥပဒေကို ၄င်းတို့ပြန်လည်သုံးသပ်မည်၊ ပြင်ချင်တာပြင်၊ ဖြုတ်ချင်တာဖြုတ်မည်၊ ဖြည့်ချင်တာ ဖြည့်မည်ဟူသော သဘောမျိုးလုပ်လာသည်။ ထိုအပြော၊ ထိုလုပ်ရပ်သည် လုံးဝဥဿုံ ဒီမိုကရေစီမဆန်သော (Undemocratic) လုပ်ရပ် (ဝါ) လူထုဆန့်ကျင်ရေး (Anti-mass) လုပ်ရပ်ပင်ဖြစ်သည်။

ဒီမိုကရေစီဟူသည် ပြည်သူအများစု၏ ဆန္ဒနှင့်အညီ ဆုံးဖြတ်ဖော်ဆောင်ရသည့် ကျင့်စဉ်ဖြစ်သည်ဆိုတာလောက်ကိုပင် NLDနားလည်ပုံ မရပေ။ လူများစု၏ ဆုံးဖြတ်ချက်ကို လူနည်းစုက လက်ခံလိုက်နာရသည်ဆိုသည့် ဒီမိုကရေစီ အခြေခံမူကို ဆန့်ကျင်ပြောဆိုလုပ်ဆောင်လာသော NLD သည် ဖဆပလအစိုးရခေတ်က ကချင်ပြည်နယ်မှအမတ်ကြီးဦးဇန်ထားဆင်၏စကားလုံးငှားသုံးရလျှင် ဒီမိုကရေစီပြောင်းပြန်(ဒီမိုကရေစီဇောက်ထိုး)များပင် ဖြစ်သည်။

ယာယီရပ်နားထားရသည့် အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေလတွင် ပြန်လည်ကျင်းပရန် ညီလာခံကျင်းပရေးကော်မရှင်က ကြေညာခဲ့သည်။ ညီလာခံကို သပိတ်မှောက် ထွက်ခွာသွားသော (ဝါ)ညီလာခံ လုပ်ထုံးလုပ်နည်းအရ အရေးယူပြီး ညီလာခံမှ ထုတ်ပစ်ခံခဲ့ရသော NLD က ညီလာခံပြန်တက်မည်ဟု ဆိုလာသည်။ သည်ဘက်ကလည်း သဘောထားကြီးစွာ ၄င်းတို့၏ ပြစ်ချက်ကို သင်ပုန်းချေကာ ညီလာခံပြန်တက်ခွင့်ပြုခဲ့သည်။ NLD က တစ်ဆင့်တက် "ရစ်"လာပြန်သည်။ ညီလာခံက ချမှတ်ပြီးဖြစ်သော အခြေခံမူများ ဖျက်ပေးရမည်ဟု ဆိုလာသည်။ ထိုစဉ်က နိုင်ငံတော်အစိုးရက ထိုမူများသည် အစိုးရက ချမှတ်သော မူများမဟုတ်၊ ညီလာခံက ချမှတ်သော မူများဖြစ်၍ အစိုးရအနေဖြင့် ဝင်စွက်တာမျိုး မလုပ်နိုင်ဟု ပြန်ကြားခဲ့သည်။ ဒီမိုကရေစီကို တကယ်ယုံလျှင် NLD သည် ညီလာခံပြန်တက်ပြီး ညီလာခံကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းတာမျိုး လုပ်သင့်သည်။ ညီလာခံကိုယ်စားလှယ်အားလုံးက NLD လိုလားသလို ပြင်ပေးသင့်လျှင် ပြင်ပေးပေမည်။ ပြင်မပေးသင့်၍ ပြင်မပေးလျှင်လည်း NLD က အများစုအဆုံးအဖြတ်လိုက်နာသင့်သည်။ သို့သော် ညီလာခံကိုမတက်တော့ဟု ဆုံးဖြတ်ကာ ဘီဘီစီ၊ ဗွီအိုအေမှကြေညာခဲ့သည်။ ညီလာခံကို ဒုတိယမ္ပိကျောခိုင်းခဲ့ခြင်းဖြစ်ပေသည်။

အခြေခံဥပဒေကို အတည်ပြုပြီး ရေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေချိန်ရောက်မှ အခြေခံဥပဒေကို ပြန်လည်သုံးသပ်ရမည်ဟု မပြောသင့်၊ မပြောအပ်သော စကားမျိုးပြောလာသည်။ တောင်ထိပ်တွင် စိုက်ထူထားသော အောင်ပန်းကိုဆွတ်ရန် တောင်ထိပ်သို့ တက်ရောက်လာသူများ တောင်ထိပ်ပန်းတိုင် လှမ်းကိုင်ခါနီးမှ တောင်ခြေရင်းရှိ လူအချို့က တောင်ပေါ်ရောက်နေသူများ တောင်အောက်သို့ ပြန်ဆင်းလာပါ၊ ပြီးမှ ပြန်တက်တာပေါ့ဟု လှမ်းခေါ်သည်နှင့် ယခု NLD လုပ်ရပ်မှာ တူလှပေသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာအီဘရာဟင်ဂမ်ဘာရီသည် မြန်မာနိုင်ငံသို့ ခုနစ်ခေါက်လာရောက်ကာ NLD လိုလားချက်များနှင့်တူညီသော တိုက်တွန်းမှုများ အကြိမ်ကြိမ်လုပ်ခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မစ္စတာဂမ်ဘာရီ၏ အဆိုပြုတိုက်တွန်း(တောင်းဆို)ချက်များနှင့်ပတ်သက်၍ ခြေခြေမြစ်မြစ် ပြည့်ပြည့်စုံစုံ ပြန်ကြားခဲ့သည်ကို မီဒီယာများ၌ တွေ့မြင်သိရှိခဲ့ကြပြီးဖြစ်သည်။ ပြန်ကြားရေးဝန်ကြီး၏ ပြန်လည်ဖြေရှင်းပြောကြားချက်များမှ အောက်ပါအချက်အလက်အချို့ကို ထုတ်နုတ်တင်ပြရင်း ဤဆောင်းပါးကို နိဂုံးချုပ်လိုက်ပါသည်-

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူများက ၉၂ဒသမ၄၈ရာခိုင်နှုန်းထောက်ခံမှုနှင့် တစ်ခဲနက်အတည်ပြုပေးလိုက်ခြင်းဟာ အခြေခံဥပဒေမူကြမ်းကို အတည်ပြုရုံသာမက ဒီမိုကရေစီဖော်ဆောင်မှုကို အခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ဖို့ Mandate ပေးလိုက်ခြင်းဖြစ်ပါတယ်။ ထို့အတူ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် ထောက်ခံအတည်ပြုပေးလိုက်ခြင်းလည်းဖြစ်ပါတယ်။ အခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ရေးဆန္ဒခံယူရာမှာ ပြည်သူ ၉၂ဒသမ၄၈ရာခိုင်နှုန်းက ထောက်ခံပြီး ၆ဒသမ၁ရာခိုင်နှုန်းက ကန့်ကွက်ခဲ့ကြပါတယ်။

ဒီနေရာမှာ ဒီမိုကရေစီရဲ့သဘောအရ အများစုရဲ့ဆန္ဒကို အနည်းစုက လက်ခံကြရမှာဖြစ်ပါတယ်။ အများစုက အတည်ပြုထားတဲ့ အခြေခံဥပဒေကို သဘောမတူဘဲ အနည်းစုရဲ့ဆန္ဒကြောင့် ပြန်လည်ညှိနှိုင်းပြင်ဆင်ပေးဖို့ဆိုတာ ဒီမိုကရေစီနည်းလမ်းမကျပါဘူး။ ထို့အတူ ဖြစ်လည်းမဖြစ်နိုင်ပါဘူး။ ဒီမိုကရေစီကို ကြိုက်တယ်၊ လိုလားတယ်ဆိုရင် ဒီမိုကရေစီရဲ့အနှစ်သာရကို လက်ခံကြရမှာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြည်သူအများစုရဲ့ Mandate နှင့်အညီ ဒီမိုကရေစီဖော်ဆောင်မှုကို မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပဲ ဖြစ်တယ်ဆိုတာ အလေးအနက်ပြောကြားလိုပါတယ်"။ ။

ဒီနေရာမှာ ဒီမိုကရေစီရဲ့သဘောအရ အများစုရဲ့ဆန္ဒကို အနည်းစုက လက်ခံကြရမှာဖြစ်ပါတယ်။ အများစုက အတည်ပြုထားတဲ့ အခြေခံဥပဒေကို သဘောမတူဘဲ အနည်းစုရဲ့ဆန္ဒကြောင့် ပြန်လည်ညှိနှိုင်းပြင်ဆင်ပေးဖို့ဆိုတာ ဒီမိုကရေစီနည်းလမ်းမကျပါဘူး။ ထို့အတူ ဖြစ်လည်းမဖြစ်နိုင်ပါဘူး။ ဒီမိုကရေစီကို ကြိုက်တယ် လိုလားတယ် ဆိုရင် ဒီမိုကရေစီရဲ့အနှစ်သာရကို လက်ခံကြရမှာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြည်သူအများစုရဲ့ Mandate နှင့်အညီ ဒီမိုကရေစီဖော်ဆောင်မှုကို မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပဲ ဖြစ်တယ်ဆိုတာ အလေးအနက်ပြောကြားလိုပါတယ်။

ဝမ်ချိုင်းနှင့် ရွှေဝါထွန်းတို့ သရေကျ ထွန်းထွန်းက စောဂပရေမျှုးကို အလဲထိုးကာ

ပရိသတ်လက်ခုပ်သံရခဲ့သော မျှော်စင်ကျွန်းက လက်သီးပွဲ

❖ သတင်းမြင်ကွင်း - ဇင်လင်းထွန်း(မနေဖြူ) ❖ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)နှင့် ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု ဉာဏ်ဟိန်းစိုး

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်း၏ အဓိကကူညီပံ့ပိုးမှုဖြင့် H & S Group မှ စိုင်းဇော်ဇော်(ဇော်ပစ်တိုင်းထောင် ဗီဒီယို)စီစဉ်သည့် မျှော်စင်ကျွန်းက လက်သီးပွဲအမည်ရှိ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို ယနေ့ညနေ ဖြနာရီတွင် ကန်တော်ကြီး ကရဝိက်ဥယျာဉ် မျှော်စင်ကျွန်း၌ ပွဲစဉ်ကိုးပွဲနှင့် ကျင်းပခဲ့ရာ စောဂပရေမျှုး(တွံတေး)ကို ထွန်းထွန်း(မြဝတီ)က အလဲထိုးသောပွဲအပါအဝင် ခြောက်ပွဲ အလဲထိုး အကွဲထိုးအဖြေထွက်ခဲ့ပြီး ဝမ်ချိုင်း(မြဝတီ)နှင့် ရွှေဝါထွန်း(သထုံ)တို့ သရေကျသောပွဲ အပါအဝင် သုံးပွဲသရေဖြစ်ခဲ့သည်။

ရှုံးကန်သွားခဲ့

မူလစီစဉ်ခဲ့စဉ်က လေးချိုပွဲသုံးပွဲအပါအဝင် ပွဲစဉ်(၁၀)ပွဲ ဖြစ်သော်လည်း ပွဲစဉ်(၂)မှ တိုးတိုး(သထုံ)နှင့် စနေထွန်း(မြန်မာသွေးသစ်)တို့ပွဲတွင် တိုးတိုး မရောက်လာသဖြင့် ကိုးပွဲသာ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ပွဲစဉ်(၁)မှ အလုံးအရပ်နှင့် လက်သီးပါဝါသာပါသော လုစ်လုစ်လေးကို သားစန်းနိုင်(ဆင်မင်း)က သရေပွဲရအောင် ရှုန်းကန်သွားခဲ့သော်လည်း ပွဲစဉ်(၂)တွင် တက်လူ စိုးလင်းဦး(တောင်ကလေး)၏ ချုပ်ဒူးများကြောင့်ကျော်ခေါက်(ဒေါင်းမြန်မာ) ဒုတိယအချီ ၁မိနစ် ၂၃ စက္ကန့်၌ ပွဲသိမ်းခံလိုက်ရသည်။



ထွန်းထွန်း(မြဝတီ)၏ ဘယ်ထောက်လက်သီး စောဂပရေမျှုးလည်ပင်းကို ထိမိထားစဉ်။ (မြန်မာ့အလင်း)

ငါးချိစိန်ခေါ်ပွဲအစဖြစ်သော ဝမ်းတူး(ဒေါင်းမြန်မာ)နှင့်မိုးသီး(မြန်မာပြည်သား)တို့ပွဲက သရေကျခဲ့သော်လည်း ထိုးလုံးသတ်ပေါက်အစုံအလင်ဖြင့် သူတင်ကိုယ်တင် ယှဉ်သွားကြသောကြောင့် ပရိသတ်သဘောကျသောပွဲ ဖြစ်သည်။ ထို့နောက် ရန်ဆက်နိုင် (တောင်ကလေး)က ရှမဝ(ဒေါင်းမြန်မာ)ကို ဒုတိယအချီ ၁မိနစ်၄၅ စက္ကန့်၌ အလဲထိုး အနိုင်ယူလိုက်သည်။ ၂၀၀၈ ပြည်နယ်/တိုင်း ရွှေတံဆိပ်နှင့် အကောင်းဆုံး လက်ဝှေ့သမားဆုရခဲ့သော အောင်ပိုင်လေး(ရက္ခဇာ့ဗလ)က အလုံးအရပ်အသာဖြင့် ပထမအချီ၌ ထောက်လက်သီးများ၊ နင်းခြေများသုံးကာ ဆက်ထူးအောင်(တောင်ကလေး)၏ တိုက်စစ်ကို ဟန့်တားနိုင်ခဲ့သော်လည်း ဆက်ထူးအောင်၏ အတွင်းခတ်၊ အပြင်ခတ် အောက်ခြေပိုင်းကန်ချက်များကြောင့် ကြမ်းပြင်ပေါ် အကြိမ်ကြိမ်ပြုတ်ကျကာ တတိယအချီ ၁မိနစ် ၃၈ စက္ကန့်၌ ဘယ်ဒူးမထောက်နိုင်တော့ဘဲ ရှုံးပွဲကြုံရသည်။

အားချင်းမယှဉ်နိုင်

ပွဲစဉ်(၆)တွင် ဒေါ်ဂျစ်(လယ်/ဆည်)က လက်သီးတွဲလုံးအားကိုးဖြင့် ပွဲသိမ်းရန် ကြိုးစားသော်လည်း သူ့ထက် အလုံးအရပ်သာသည့် နိုင်ထူးလွင်(တောင်ကလေး)ကို အားချင်းမယှဉ်နိုင်ဘဲ ဆွဲချုပ် ခေါင်းရိုက်ချက်များ၊ ဘယ်ထောက်လက်သီးများ၊ တံတောင်ရိုက်ချက်များထိကာ နဖူးကွဲ၍ တတိယအချီ ၂မိနစ် ၃၇ စက္ကန့် ၌ ဆေးရှုံးရှုံးသွားသည်။

ပွဲစဉ်(၇)သည် ပရိသတ် လက်ခုပ်သံအရဆုံးနှင့် ဆုတော်ငွေ အကျဆုံးသော ပွဲစဉ် တစ်ပွဲဖြစ်သည်။ မြိုင်ကြီးငူပွဲတွင် အလဲထိုးခံထားရသည့် မိုက်ခဲကျော်ပွင့်က ရာဇဝင်ကြွေးဆပ်ရန် အပြင်းအထန် တိုက်စစ်ဆင်သည့်အတွက် စစ်အောင်(နှစ်ရှည်ဥယျာဉ်ခြံ၊ မြိုင်ကြီးငူ)ဒုတိယအချီ ၄၇စက္ကန့်တွင် မျက်ခုံးနှစ်ဖက်ကွဲ၍ မျက်စိထဲသွေးများစီးကျသောကြောင့် အနားတောင်းလိုက်ရသည်။ သို့သော် ကြိုးဝိုင်းဆရာဝန်ခွင့်ပြုချက်ဖြင့် ဆက်ထိုးခွင့်ရသည့်အခါ စစ်အောင်က လုစ်ခနဲတိုးဝင်၍ ဘယ်ညာတွဲလုံးများသုံးသည်။ စစ်အောင်၏ တွဲလုံးများက မေးရိုးကိုတိကျသေသပ်စွာ ထိမှန်သဖြင့် မိုက်ခဲကျော်ပွင့် ကြက်ငိုက်ငိုက်ကာ တတိယအချီ ၂မိနစ်၅၇စက္ကန့်တွင် ပွဲသိမ်းသွားတော့သည်။

ပွဲသိမ်းရန် ကြိုးစား

အဓိကစိန်ခေါ်ပွဲကြီးတစ်ပွဲဖြစ်သည့် စောဂပရေမျှုးနှင့် ထွန်းထွန်းတို့ပွဲတွင် အရပ်မြင့်၍ ဝိတ်တန်းသာသော စောဂပရေမျှုးက ဘယ်ထောင့် ညာဖြောင့်များဖြင့် ထွန်းထွန်းကို ဖိစီးရန်ကြိုးစားရာ ပထမအချီ၌ ညာဖြောင့်တစ်လုံးထိကာ ထွန်းထွန်း ကြမ်းပြင်ပေါ် ထိုင်ကျသွားသည်။ ကြိုးဝိုင်းဒိုင်က အမှတ်စဉ်ရေသည့်အခါ ထွန်းထွန်းက ချက်ချင်းပြန်ထ၍ ဘာမှမဖြစ်ကြောင်း လက်နှစ်ဖက်ဆန့်ပြသည်။ ပထမအချီပြီးလုလုတွင်လည်း စောဂပရေမျှုး၏ ညာဖြောင့်ကြောင့်ပင် ထွန်းထွန်းကြမ်းပြင်ပေါ် ပြုတ်ကျသေးသည်။ ဒုတိယအချီတွင် ထွန်းထွန်းက စောဂပရေမျှုး၏ ဘယ်ထောင့်လက်သီးများကို တိမ်း၍ ဘယ်ထောက်ချင်းဆိုင်ထိုး၍ စောဂပရေမျှုး၏ ညာလက်သီးကို ချိုစောင်းဖြင့် ဆို့ထားသည်။ စောဂပရေမျှုးက ဘယ်ကန့်လန့်ဒူးများ၊ ဘယ်ပတ်ခြေများ၊ ညာဖြောင့်လက်သီးများဖြင့် ပွဲသိမ်းရန် ကြိုးစားသည်။ အရပ်အားကိုးဖြင့် အပေါ်မှ ညာတံတောင် ခုန်ထောင်းသည်။ စောဂပရေမျှုး၏ ဘယ်ထောက်လက်သီးများ ထွန်းထွန်းကိုထိသော်လည်း ဖိုးကေနှင့်ထိုးစဉ်က ပါဝါမျိုးမရှိသဖြင့် ထွန်းထွန်း အခြေမပျက်ရှိနေသည်။

လေးလံအားပျော့

ထို့နောက် ထွန်းထွန်းက ဘယ်ထောက်ချင်း မဆိုင်တော့ဘဲ စောဂပရေမျှုး၏ ဘယ်ခြေထောက်ကို ချိုစောင်းဖြင့် ဆို့ကာ ညာဖြောင့်အပိုင်ထိုးခြင်း၊ ဘယ်ကန့်လန့် ဒူးရိုက်ခြင်းဖြင့် စောဂပရေမျှုးကို သက်လုံခြွေသည်။ ထွန်းထွန်း၏ဆွဲချုပ်ဒူးတိုက်ချက်များ၊ ဘယ်ညာပတ်ခြေကန်ချက်များကြောင့် စောဂပရေမျှုး သက်လုံလျော့ကာ ခြေထွက်လက်ထွက် လေးလံအားပျော့လာသည်။

ပရိသတ်ကျေနပ်

ငယ်ဂုဏ်၊ ပါဝါနှင့် အလုံးအရပ်သာသော စောဂပရေမျှုးကို ထွန်းထွန်းက ကြိုးဝိုင်းအတွေ့အကြုံအသာဖြင့် ထိန်းသွားနိုင်သကဲ့သို့ စောဂပရေမျှုးက ဖိုးကေနှင့် ထိုးစဉ်ကပွဲလောက် သက်လုံနှင့်ပါဝါ မရှိတော့သဖြင့် လစ်ကွက်ဟာကွက်များ ပေါ်လာသည့်အတွက် တတိယအချီ စက္ကန့် ၅၀တွင် ထွန်းထွန်း၏ညာပတ်ခြေကန်ချက် ဘယ်နံရိုးထိကာ ပုံလျက်သားကျသွားသည်။ အနားတောင်း ကုသသော်လည်း ဆက်လက်မယှဉ်ပြိုင်နိုင်တော့ဘဲ ထွန်းထွန်း၏ အလဲထိုးဖြင့် ပွဲသိမ်းခြင်းကို ခံလိုက်ရသည့် သဘောဖြစ်သွားသည်။

လက်ကုန်ရှန်း

နောက်ဆုံးပွဲကြီးဖြစ်သည့် ပထမတန်းချန်ပီယံဘွဲ့ကို ၁၀နှစ်တစ်ခုစာ ထိန်းထားနိုင်ခဲ့ဖူးသော ရွှေဝါထွန်းနှင့် အလဲထိုးပွဲများဖြင့် နာမည်ကျော်ခဲ့သူ ပထမတန်းချန်ပီယံဟောင်း ဝမ်ချိုင်းတို့ပွဲကို သုံးချီသာ သတ်မှတ်ထားသောကြောင့် သက်လုံကို မခြွေဘဲ လက်ကုန်ရှန်းကြသည်။ ရွှေဝါထွန်းက သူ၏မူပိုင် ဘယ်ထောက်လက်သီးကို အပီထိုးသည်။ ဝမ်ချိုင်းက တိမ်းယို့၍ ညာဖြတ်လက်သီးဆွဲသည်။ တွဲလုံးချင်းဆိုင်ထိုးကြရာ သူထိကိုယ်ထိ ထိကြသည်။ ရွှေဝါထွန်းက ဆွဲချုပ် ခေါင်းရိုက်ချက်ဖြင့် အကွဲထိုး ပွဲသိမ်းရန် ကြိုးစားသော်လည်း တစ်ခါခံဖူးထားသော ဝမ်ချိုင်းက ရှောင်တိမ်းနိုင်သည်။ ရွှေဝါထွန်းက ချုပ်ဒူးဖြင့် အပိုင်တိုက်ပြန်ရာ ဝမ်ချိုင်းက အလွတ်ရုန်းထွက်နိုင်ပြန်သည်။

တတိယအချီတွင် စိတ်သွားတိုင်း ကိုယ်မပါနိုင်ကြတော့ဘဲ လက်သီးချက်များလည်း ပါဝါလျော့လာသည့်အတွက် သရေပွဲဖြင့် ပွဲပြီးသွားသည်။ မည်သို့ဖြစ်စေ သူတို့ပွဲက ပရိသတ်ကျေနပ်သော ပွဲတစ်ပွဲဖြစ်ခဲ့သည်။

ဖြည့်ဆည်းနိုင်

ခြုံ၍ဆိုရပါလျှင် မျှော်စင်ကျွန်းက လက်သီးပွဲသည် မျှော်စင်ကျွန်းပရိသတ်၏ မျှော်လင့်ချက်ကို ရာနှုန်းပြည့်မဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းနိုင်သော ပွဲဖြစ်ခဲ့သည်ဟု ဆိုရပါလိမ့်မည်။ ။

(မြန်မာ့အလင်း)

ဝမ်ချိုင်း(မြဝတီ)၏ ညာလက်သီးထိုးချက်ကို ရွှေဝါထွန်း(သထုံ)က ဤသို့ ရှောင်တိမ်းခဲ့သည်။ (မြန်မာ့အလင်း)

မျှော်စင်ကျွန်းက လက်သီးပွဲ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဤသို့ ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြစဉ်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၇-၂-၂၀၀၉ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ပါရမီ" တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ)
၇း၅၅ - ၁း၅၅	ငွေချည်(၆)ချည်မျှင်ရှည်ဝါ တိုးကာ စိုက်ပျိုးပါ
၈း၂၀ - ၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅ - ၂း၄၅	ပိုလီယိုရောဂါကာကွယ်ရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွန်းအောင်)
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၀၀	ဂုဏ်ယူဆင်နွှဲ Yangon Golf Club ရဲ့ရာပြည့်ပွဲ
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	ငွေဆောင်ဓာတ်ပုံပြပွဲနှင့် ငွေဆောင်ဇုန် Promotion ပွဲ
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	Activties in the City [ဆေးတက္ကသိုလ်(၂) အာစရိယပူဇော်ပွဲ]
၁၀း၃၅ - ၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅ - ၄း၄၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
၁၁း၃၅ - ၅း၃၅	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာ ဦးတင်ဦး (ကျုရှင်) နှင့်တွေ့ဆုံခြင်း]
၁၁း၅၅ - ၅း၅၅	ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
၁၂း၁၅ - ၆း၁၅	သွားမယ် စားမယ် (House of Memories)
၁၂း၄၀ - ၆း၄၀	စွမ်းအင်တို့ရဲ့ နှိုးစက် (ကခုန်ခြင်းနှင့် အားကစား)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Man-City-Middlesbrough	ESPN (Live)
၉း၂၅	Chelsea-Hull City	ESPN (Live)
	Blackburn-Aston Villa	Star Sports(Live)
၁၁း၅၅	Portsmouth-Liverpool	Star Sports(Live)
	Everton-Bolton	ESPN (SDD)

ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	AC Milan-Reggina	5-Cartoons (Live)

7-2 (06).pmd 1 2/7/2009, 3:07 AM

* ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအာလွတ်ခ်ဆန်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)

ဒုတိယအကြိမ်

“၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ရက်”(စနေနေ့)

“မွေးစမှ အသက် ငါးနှစ်အောက်ကလေးငယ်များအားလုံး ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးတိုက်ကျွေးကြပါစို့”

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာန

လက်ဖက်စိုက်ခင်းကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဟားခါးမြို့ ၄မိုင်ခွဲဒေသလက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် သတ္တဌာန မူလဌာပနာတော်သွင်း အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း

မဟာမင်္ဂလာအကြို အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်၌ တည်ထားကိုးကွယ်သည့် ဉာဏ်တော် ၃၂၅ပေရှိ ဥပ္ပါတသန္တိစေတီတော်၏ သတ္တဌာနမူလဌာပနာတော်သွင်း၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအကြို အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အဆိုပါစေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့် နိုင်ငံတော် ဩဝါဒါစရိယ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရတို့ အမှူးပြုသော ဆရာတော်ကြီးများနှင့် ပဋ္ဌာနဘာဏက သံဃာတော် ၁၈ပါးတို့ ကြွရောက်တော်မူကြပြီး ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဥပ္ပါတသန္တိစေတီတော်၏ သတ္တဌာနမူလဌာပနာတော်သွင်း၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအကြို အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာ ရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အတွင်းရေးမှူး(၁) အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့က မေတ္တသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ပရိသတ်များက နာယူကြသည်။

ဆက်လက်လှူဒါန်း

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်များက အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဖတ်ကြား

ဆက်လက်၍ သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဒေဝဂမနဝေလာ ဂါထာကို ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပေးသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုး ငွေမိုးရွာသွန်း

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ရွတ်ဖတ်ပူဇော်

ဥပ္ပါတသန္တိစေတီတော်၏ သတ္တဌာနမူလဌာပနာတော်သွင်း၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအကြို အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အဖွင့်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် နံနက် ၇နာရီတွင် အဆိုပါ စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ၌ ကျင်းပခဲ့ပြီး မဟာမင်္ဂလာအကြို အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂ရက်မှ ယနေ့အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့ရာ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များနှင့် ရပ်ကွက်များမှ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

(သတင်းစဉ်)

ချင်းပြည်နယ် ဟားခါးနှင့် ဖလမ်းမြို့နယ်တို့၌ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ၄ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း စာသင်ခန်း၌ စာပေသင်ကြားပို့ချနေမှုများနှင့် ကျောင်းပတ်ဝန်းကျင်များကို ကြည့်ရှုစစ်ဆေးပြီး ဟားခါးမြို့ ၄ မိုင်ခွဲဒေသလက်ဖက်စိုက်ခင်းအတွင်းရှိ ဆွတ်ခူးနိုင်သော အဆင့်ရှိသည့် လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ စာသင်ကြားနေမှုများနှင့် တိုးချဲ့ကျောင်းဆောင်သစ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က ကျောင်းဆောင်သစ်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဖလမ်းမြို့နယ် ရမ်ကလောင်းခြံ စံပြလက်ဖက်စိုက်ခင်း၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဖလမ်းမြို့နယ် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လိုင်ဗားရေအားလျှပ်စစ်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

အလှူငွေများပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် လုံပီးရွာနှင့် အေဟွန်ပီးရွာတို့၌ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးထားသော လေ့ကားထစ်တောင်ယာ စားတော်ပဲနှင့် စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဖလမ်းမြို့ ခုတင် ၂၀၀ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် သူနာပြုသင်တန်းကျောင်း သဇင်ဆောင်၌ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ၊ မြို့ဖများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား တွေ့ဆုံပြီး ဒေသခံတိုင်းရင်းသားပြည်သူများအတွက် တိုင်းရင်းဆေးဝါးများ၊ အဝတ်အထည်များ၊ စောင်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံ

ထို့နောက် ဖလမ်းတပ်နယ်ရှိ တပ်မိသားစုဝင်များအား တွေ့ဆုံပြီး အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် ဖလမ်းမြို့ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ အခြေခံ စက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ ကနုကမာကျောက်စီပန်းချီသင်တန်းနှင့် သိုးမွေးစက်ဆွဲ သင်တန်းများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် ညနေပိုင်းတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ငဆစ်ဗား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဆိုင်းငင်ရွာ ဆောက်လုပ်ရေးရိပ်သာ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်နယ် ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများက ကလေး-ဖလမ်း-ဟားခါးလမ်းနှင့် ဆိုင်းငင်-တီးတိန်လမ်း ဖောက်လုပ်မှု အခြေအနေများ၊ လမ်းပိုင်းအလိုက် ကတ္တရာခင်းခြင်း၊ ကျောက်လမ်းခင်းခြင်းများကို ရှင်းလင်းတင်ပြသည်။

ပြီးစီးအောင်ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က ဆောင်ရွက်ရန် ကျန်ရှိသော လမ်းပိုင်းများကို ပွင့်လင်းရာသီမကုန်မီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ်

ဖေဖော်ဝါရီလအတွက်

၈-၂-၂၀၀၉ ရက်နေ့

နှင့်

၂၂-၂-၂၀၀၉ ရက်နေ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီအမ် ဟာမစ် အန်ဆာရီနှင့် ဇနီး ရှရီမာတီ ဆယ်မာအန်ဆာရီတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ညဂနာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။ (အောက်ပုံ)

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အာလွတ်ခ်ဆန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ရှေးဦးစွာ အိန္ဒိယ-မြန်မာနှစ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

ဆုတောင်းပတ္ထနာပြု

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီတို့သည် အပြန်အလှန် ဆုတောင်းပတ္ထနာပြုကြသည်။

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

(သတင်းစဉ်)

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခမ်းမရုံ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားထား

အဆိုပါအခမ်းအနားကို အပူဇော်ခံ သက်ကြီးပုဂ္ဂိုလ်များ၊ ဆုယူမည့် ကျောင်းသား ကျောင်းသူများ၊ အသင်းဝင်မိသားစုများ၊ ရေတာရှည်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီအား နေပြည်တော်လေဆိပ်ဧည့်ခန်းမ၌ ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကိုပေးအပ်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ရှရီ မာတီ ဆယ်မာ အန်ဆာရီတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မှတ်တမ်းဓာတ်ပုံ

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီအား နေပြည်တော်လေဆိပ်ဧည့်ခန်းမ၌ ခရီးစဉ်မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ပို့ဆောင်နှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ် အကျင့်မြတ်

* ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
ကြိုးစားအားထုတ် စာချုပ်ပင်လုံ
ဓာတိဂုဏ်ပြ မြန်မာ့သွေးချင်း
ညီနောင်ရင်းများ ထားခဲ့သက်သေ
မျိုးဆွေနွှယ်ဖွား သားချင်းများ၏
သား၍မထင် ရေပြင်မကွဲ
စဉ်မြဲစုစည်း ပြည်ကြီးခိုင်မာ
ချုပ်ခြာနိုင်ငံ ရည်သန်ကြောင်းပြု
ပြည်ထောင်စုစိတ်ဓာတ် အကျင့်မြတ်။

* စည်းလုံးညီညာ အောင်ကြောင်းဖြာ၏
စာနှင့်အညီ မြန်ပြည်လွတ်လပ်
စိတ်ဓာတ်ခိုင်မာ လက်တွဲကာဖြင့်
တွယ်တာဆပွား ပြည်ထောင်သားတို့
ကယား၊ ကရင် ကချင်၊ မွန်၊ ချင်း
ဆွေရင်းဗမာ ညီညာရောပြွမ်း
ရှမ်းနှင့်ရခိုင် နိုင်ငံပေါင်းစု
ပြည်သူ့အောင်ပွဲ ယှဉ်နွှဲရှက်ဆောင်
ပြည်ထောင်စုစိတ်ဓာတ် အကျင့်မြတ်။

* ဘယ်သူခွဲခွဲ ဒို့မကွဲပါ
မူဝါဒခုနစ်ရပ် ချမှတ်လမ်းစဉ်
မြော်မြင်ပေါင်းစည်း ရှေ့ခရီးလမ်း
ဖြောင့်တန်းခဲ့ပြီ ဒီမိုကရေစီ
ရွှေပြည်သစ်ခရီး အပြီးလျှောက်လှမ်း
အေးချမ်းသာယာ ပြည်မြန်မာကြီး
အောင်ထီးအောင်နန်း အောင်ပန်းဝေဝေ
အောင်သပြေဖြင့် အောင်စေဆုရည်
ပြည်ထောင်စုစိတ်ဓာတ် အကျင့်မြတ်။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဖိုးရန်နိုင်(ကျောက်ကြီး)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရခိုင်ပြည်နယ်

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

ရခိုင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၀၀၀ကျော် ကျယ်ဝန်းပြီး ခရိုင်လေးခရိုင်၊ မြို့နယ် ၁၇မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားကာ လူဦးရေအားဖြင့် သုံးသန်းကျော် တိုင်းရင်းသားပေါင်းစုံစုပေါင်းနေထိုင်သည့် ပြည်နယ်တစ်ခုဖြစ်၏။

ဆည်ရေသောက် လယ်မြေဧက ၁၀၀၀ ကို အကျိုးပြုလျက်ရှိသည့် ရခိုင်ပြည်နယ် ကျောက်တော် မြို့နယ်ရှိ ဗီးချောင်း ရေလှောင်တမံ။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁။	စိုက်ပျိုးမြေဧရိယာ	ဧက	၈၆၀၉၃၇	၁၂၅၇၁၇၄	၃၉၆၂၃၇
၂။	ဆည်တမံ(အကြီး၊အသေး)	ခု	၂	၅၉	၅၇
၃။	မြစ်ရေတင်လုပ်ငန်း	ခု	-	၄	၄
၄။	ကြိုးဝိုင်းတော	စတုရန်းမိုင်	၁၁၆	၂၈၇	၁၇၁
၅။	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၁၈၁၈	၁၈၁၈
၆။	ကားလမ်းများ	မိုင်	၄၄၈	၁၅၀၀	၁၀၅၂
၇။	ပေ ၁၈၀နှင့် အထက်တံတား	စင်း	၁၉	၄၆	၂၇
၈။	စာတိုက်စခန်း	ခု	၁၂	၈၂	၇၀
၉။	ကြေးနန်းရုံး	ရုံး	၁၈	၂၇	၉
၁၀။	တယ်လီဖုန်းရုံး	ရုံး	၁၆	၃၇	၂၁
၁၁။	မိုက္ကရိုဝေ့ဗ်စခန်း	ခု	၇	၁၃	၆
၁၂။	ရေအားလျှပ်စစ်စက်ရုံ	ရုံ	-	၄	၄
၁၃။	ပုဂ္ဂလိကစက်ရုံ	ရုံ	၁၂၆	၂၁၄၁	၂၀၁၅
၁၄။	အခြေခံပညာကျောင်း	ကျောင်း	၂၃၉၁	၂၇၀၉	၃၁၈
၁၅။	တက္ကသိုလ်၊ ကောလိပ်	ခု	၁	၂	၁
၁၆။	နည်းပညာတက္ကသိုလ်၊ ကောလိပ်	ခု	-	၁	၁
၁၇။	ကွန်ပျူတာတက္ကသိုလ်	ခု	-	၁	၁
၁၈။	ဆေးရုံ	ရုံ	၃၆	၅၃	၁၇

အခြေခံပညာကျောင်းများတွင် တာဝန် ထမ်းဆောင်နိုင်ရန် တိုင်းရင်းသားစုံ ဆရာ၊ ဆရာမများမွေးထုတ်ပေးရာ ကျောက်ဖြူမြို့ဂုဏ်ဆောင် ကျောက်ဖြူပညာရေးကောလိပ်အဆောက်အအုံ။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရေလမ်းထွက်ပေါက်သာရှိခဲ့ရာမှ ကုန်းလမ်း ထွက်ပေါက်ကြီး တစ်ခုအဖြစ် ရန်ကုန်-ကျောက်ဖြူ လမ်းမရှိ မင်းကြောင်းချောင်း တံတားကြီး ဤသို့ ပေါ်ထွန်းလာခဲ့ပေပြီ။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နေပြည်တော်တစ်ခွင် မြင်တွေ့ရသည့် အစိမ်းရောင်လွင်ပြင်များ သက်သေတည် မတ်ပဲနှင့် ဆောင်းသီးနှံများ အထွက်တိုးအောင်မြင်မည်

သတင်းမြင်ကွင်း - မြင့်မောင်စိုး ဓာတ်ပုံမှတ်တမ်း - လှရွှေ (ကေတုမတီ) စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၆

ယခုတလော နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် လယ်ဝေးနှင့် နေပြည်တော် တပ်ကုန်းတို့တွင် ကားပေါ်မှမြင်တွေ့နေရသည့် ဝန်းကျင်မြင်ကွင်းတို့မှာကား အစိမ်းရောင်လွင်ပြင်များပင်ဖြစ်၏။ ထိုအစိမ်းရောင် လွင်ပြင်များမှာ အခြားမဟုတ်။ မတ်ပဲခင်း၊ ပဲတီစိမ်းခင်း၊ မြေပဲခင်း၊ ကုလားပဲခင်း၊ နေကြာခင်းနှင့် ပဲမျိုးစုံခင်းတို့၏ တစ်ဆက်တစ်စပ်တည်းရှိနေသည့် မြင်ကွင်းများပင် ဖြစ်သည်။

ဤအစိမ်းရောင် လွင်ပြင်များကို ကြည့်ရသည်မှာ ကြည်နူးဖွယ် ကောင်းလှသည်။ ကြည်နူးရာမှ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲစသော ဆောင်းသီးနှံတို့ မည်မျှ စိုက်၍ မည်မျှထွက်နိုင်မည်နည်းဆိုသော ကိန်းဂဏန်းတွေကို သိချင်သည်။ ပြီးတော့ ပြည်သူတွေ သိစေချင်သည်။ ရေးသားတင်ပြလိုသည်။ ပြည်သူတွေကို သိစေချင်သည်မှာ တခြားမဟုတ်။ တိုင်းပြည်၏ စားနပ်ရိက္ခာ ဖူလုံရေး ဆိုသည့် အချက်မှာ ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည့်အရေးကိစ္စပင် မဟုတ်ပါလော။ ဤသို့ဖြင့် ကျွန်တော်တို့ ကွင်းဆင်းလေ့လာ ရေးသားရေး သတင်းအဖွဲ့သည် ခရီးမိုင်စဉ် ရှည်လျား၊ အခက်အခဲများကြားက နေပြည်တော် လယ်ဝေးမြို့သို့ ထွက်ခွာခဲ့ကြသည်။ ကျွန်တော်၏ ကြိုတင်အကြောင်းကြားထားမှုကြောင့် မြို့နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးလှမြင့်၊ ဒုတိယမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးအေးကြူနှင့် ဝန်ထမ်းများက အသင့်စောင့်ကြိုနေကြသည်။ ကျွန်တော်တို့ရောက်ပြီး မကြာမီ စိုက်ပျိုးရေး မန်နေဂျာများ ဦးဆောင်ကာ ဆိုင်ကယ်များဖြင့် သူတို့၏ အစိမ်းရောင်လွင်ပြင်များ လေ့လာရေးခရီးစဉ်ကို စတင်လိုက်သည်။

သတင်းအဖွဲ့သည် နေပြည်တော်နှင့် နေပြည်တော်လေဆိပ် အသွားလမ်းမကြီးဆီသို့ ဦးတည်ထွက်ခွာလာကြသည်။ ထိုလမ်းမကြီးမှာ ရှစ်လမ်းသွား ကွန်ကရစ် လမ်းကြီးပင်ဖြစ်သည်။ ဤလမ်းမကြီးအတိုင်း လေဆိပ်တည်ရှိရာဘက်သို့ ဦးတည်ထွက်ခွာခဲ့ခြင်းဖြစ်သည်။ များမကြာမီ ခရမ်းကိုင်း ကျေးရွာအုပ်စုအတွင်းရှိ ဆောင်းသီးနှံစိုက်ခင်းများဆီသို့ ရောက်သည်။ ရှုမဆုံးအောင် တွေ့ရသည့် အစိမ်းရောင် လွင်ပြင်ကြီးပေတည်း။ ထိုအစိမ်းရောင် လွင်ပြင်ကြီးအတွင်း မတ်ပဲ၊ ကုလားပဲ၊ စွန်တာနီ၊ ပဲပုပ်၊ ပဲကြီးနှင့် ပဲလွှမ်းတို့ပါဝင်စိုက်ပျိုးထားသည်။ မတ်ပဲမှာ စိုက်ဧကအများဆုံး ဖြစ်သည်။

"ကျွန်တော်တို့နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ ကူသပိတ်၊ သဲကော၊ ရေအိုးစင်၊ ကြောင်ရေ၊ နောင်ဘို၊ သပြေပင်၊ သက်ကယ်ကျင်း၊ ကြာပင်၊ ရှမ်းစု၊ ကြို့ပင်၊ အေလာ၊ ရုံးပင်၊ စိုင်ခေါင်းရိုး၊ အောင်းကုန်းနဲ့ ရှားကျောင်းကျေးရွာ အုပ်စုများဟာ မတ်ပဲ ပန်းတိုင်အထွက်နှုန်းရနေတဲ့ ကျေးရွာအုပ်စုများဖြစ်ပါတယ်။ မတ်ပဲ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကတင်း ၂၀ ဖြစ်ပါတယ်။ ဒီပန်းတိုင်အထွက်နှုန်း ရနေတဲ့ကွင်းတွေမှာ ပျမ်းမျှအားဖြင့် တစ်ဧက ၁၉တင်းခွဲ၊ တင်း ၂၀ ထွက်နေပါပြီ။ အစိုက်စောတဲ့ကွင်းတွေမှာဆို မတ်ပဲ စတင်ထွက်နေပါပြီ။ ယခုလောလောဆယ် ဒေသ ပေါက်ဈေး တစ်တင်းကျပ် ၁၆၀၀၀ကျော် ဝန်းကျင်ရှိပါတယ်" ဟု မန်နေဂျာ ဦးလှမြင့်က ရှင်းပြသည်။ ထိုမှဆက်လက်၍ ကျွန်တော်တို့ သတင်းအဖွဲ့ ထွက်ခွာလာခဲ့ကြရာ သဲကောကြီးအုပ်စု စိုက်ခင်းများရှိရာသို့ ရောက်သည်။ သဲကောကြီးအုပ်စု ရုံးပင်ချောင်းနံဘေးတစ်လျှောက်တွင် ဟင်းသီး ဟင်းရွက်များ အများအပြား စိုက်ပျိုးထားသည်ကို တွေ့ရသည်။ ဂေါ်ဖီ၊ ပန်းမုန်လာ၊ ကြက်သွန်၊ နံနံနှင့် ခရမ်းသီး၊ ခရမ်းချဉ်သီးစိုက်ခင်းများကို အများဆုံးစိုက်ပျိုးသည်။

"ကျွန်တော်တို့ သဲကောကြီးကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာအများစုဟာ စစ်တောင်းမြစ်အတွင်းစီးဝင်တဲ့ ရုံးပင်ချောင်းမှ စိုက်ပျိုးရေ အဆက်မပြတ်ရနေတာကြောင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးဖို့ ပိုပြီးအဆင်ပြေပါတယ်။ ဒီဒေသမှာရှိတဲ့ တောင်သူတွေဟာ အရင်ကဆိုရင် ဒေသထွက်တဲ့ သစ်သီးဝလံ ဟင်းသီးဟင်းရွက်တွေကို လှည်းတစ်တန်၊ ကားတစ်တန်နဲ့ သွားရောက် ကြရပါတယ်။ အခုဆိုရင် ဒီကွန်ကရစ် လမ်းမကြီးအတိုင်း တောင်သူတွေဟာ သူတို့ရဲ့ စိုက်ပျိုးရေးထုတ်ကုန် ကုန်စိမ်းတွေကို စက်ဘီးနဲ့သော်လည်းကောင်း၊ ဆိုင်ကယ်နဲ့သော်လည်းကောင်း နေပြည်တော်မြို့မဈေးနဲ့ အာဟာရသုခဈေးများမှာ ကိုယ်တိုင်ကိုယ်ကျ သွားရောင်းနေကြပါပြီ" ဟု ဒုတိယမြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအေးကြူက ရှင်းပြသည်။

ထိုမှ ဆက်လက်၍ ထွက်ခွာခဲ့ရာ မတ်ပဲပန်းတိုင် အထွက်နှုန်းရနေသည့် ကူသပိတ်ကျေးရွာအုပ်စု စိုက်ခင်းများသို့ ရောက်ရှိသည်။ မတ်ပဲ စိုက်ခင်းများ စိမ်းစိမ်းစိုစိုဖြင့် ဖြစ်ထွန်းရှင်သန်နေသည်မှာ ရှုမျှော်မဆုံးအောင် တွေ့ရသည်။ အဝေးတစ်နေရာတွင် အုန်းပင်၊ သရက်ပင်များဖြင့် သာယာလှပနေသော ကူသပိတ်ကျေးရွာကို တွေ့ရ၏။ နေပြည်တော် လယ်ဝေးမြို့နယ် အတွင်း၌ ကျေးရွာအုပ်စုပေါင်း ၆၅ အုပ်စု တည်ရှိရာ ကျေးရွာအများစုမှာ အုန်းပင်၊ သရက်ပင်များဖြင့် သာယာလှပနေသော ကျေးရွာများပင်ဖြစ်သည်။ ဤဒေသသည် တစ်နှစ် မိုးရေချိန်လက်မ ၆၀ ဝန်းကျင် ရှာသွန်းသော ဒေသဖြစ်၍ စိုက်ပျိုးရေး ကောင်းမွန်သည်။ ရာသီဥတုကောင်းမွန်ပြီး စိမ်းလန်း သာယာလျက် ရှိပေသည်။ ကူသပိတ်ကျေးရွာအုပ်စုမှ ဆက်လက် ထွက်ခွာခဲ့ရာ နေပြည်တော်လေဆိပ်ကြီး အနီးသို့ ရောက်သည်။ ကြံစိုက်ခင်းသစ်များနှင့် လမိုင်းကြံစိုက်ခင်းများကို တွေ့ရသည်။ လမိုင်း ကြံစိုက်ခင်းဆိုသည်မှာ ကြံများခုတ်ယူပြီး ထပ်မံ စိုက်ပျိုးထားခြင်း မပြုဘဲ အခင်းကို မီးရှို့ထားရာမှ သားတက် ပင်ပွားများ ပေါက်ကာ ရှင်သန်ဖြစ်ထွန်း နေသော ကြံခင်းများပင်ဖြစ်သည်။ ကြံကို ပထမတစ်နှစ်စိုက်ပြီး ထပ်မံစိုက်ပျိုးခြင်း မပြုဘဲ နောက်နှစ်နှစ်အထိ လမိုင်းခင်း အဖြစ်ထားရှိကာ ကြံများ ခုတ်ယူနိုင် ကြောင်း ဗဟုသုတအဖြစ် မှတ်သားရပါသည်။

ထိုနေပြည်တော် လေဆိပ်အနီးမှ ဆက်လက်ထွက်ခွာခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ သာဝတ္ထိမြို့ အထိ သွယ်တန်းဖောက်လုပ်ထားသည့် ကတ္တရာ လမ်းမကြီးသို့ရောက်သည်။ ထိုလမ်းမကြီး သည် ၁၉၈၈ခုနှစ်နောက်ပိုင်း ဖောက်လုပ် ခဲ့သည့် လမ်းမကြီးပင်ဖြစ်သည်။ ယခုအခါ ထိုကတ္တရာလမ်းမကြီးမှ ကုန်တင်ကား ကြီးများ ဖြတ်သန်းမောင်းနှင်သွားလာ လျက်ရှိသည်။ ဤလမ်းကြီး ပေါ်ထွန်း လာသဖြင့် လမ်းတစ်လျှောက်ရှိ ကျေးရွာ များ မြို့ပြဆန်လာသည်။ ထိုလမ်းမကြီး အတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ သာဝတ္ထိ မြို့ကို ကျော်လွန်ပြီး ရေနီမြို့သို့ရောက် သည်။ ရေနီမြို့သည် ပဲခူးတိုင်း၏ မြောက် ဘက်အစွန်ဆုံး မြို့ဖြစ်၏။ နေပြည်တော် လယ်ဝေးမြို့နယ်နှင့် ရေနီမြို့ အစပ်တွင် တောင်စဉ်အေး သကြားစက်ရှိသည်။ ယခုအခါ ကြံရိတ်သိမ်းရာသီဖြစ်၍ ဤသကြား စက်၌ သကြားများ ထုတ်လုပ်လျက်ရှိ သည်။

သတင်းအဖွဲ့သည် ထိုသကြားစက် အနီးမှ အရှေ့ဘက်သို့ ဦးတည်ထွက်ခွာ လာကြသည်။ လမ်းမှာ မြေသားဂဝံလမ်း ဖြစ်သည်။ ထိုလမ်းကို တောင်စဉ်အေး တောင်ဖီလာ ဘိလပ်မြေစက်ရုံသွားလမ်း ဟု ခေါ်သည်။ များမကြာမီ နေကြာ အထူးစိုက်ပျိုးရာ သစ်ကြိမ်းကျေးရွာ အုပ်စုများ၏ နေကြာအထူးစိုက်ခင်းများသို့ ရောက်ရှိလေ့လာခဲ့သည်။ ထိုကျေးရွာအုပ်စု သည် နေကြာကိုသီးထပ်၊ သီးညှပ်ထက် နေကြာသီးသန့် အများဆုံး စိုက်ပျိုးကြသည် ကို တွေ့ရသည်။ စုစုပေါင်း နေကြာစိုက် ဧက ၂၀၀ကျော်စိုက်ပျိုးထားကြောင်း သိရ သည်။ စိုက်ပျိုးသည့် နေကြာမျိုးများမှာ ရေဆင်းစိုက်ပျိုးရေးသုတေသနမှ ထုတ် သော ဆင်းရွှေနေကြာမျိုးများ အများဆုံး ဖြစ်သည်။ နေကြာသည် မိုးစပါးအပြီး စိုက်ပျိုးသော ဆောင်းသီးနှံ ဖြစ်၏။ စိုက်ပျိုးမှုနောက်ကျသော နေကြာစိုက်ခင်း များမှာ အပွင့်မပွင့်နိုင်သော်လည်း အပင် ရှင်သန်ကြီးထွားမှုကောင်းသည်။ စိုက်ပျိုးမှု စောသည့် နေကြာစိုက်ခင်းများမှာ ပန်းပွင့် များ ခင်းလုံးကျွတ် ပွင့်နေကြပြီဖြစ်သည်။ ပန်းပွင့်နေသော နေကြာခင်းများ ရှုမျှော် မဆုံးအောင် တွေ့ရသည်။ နေကြာတစ်ဧက ပန်းတိုင်အထွက်နှုန်း သတ်မှတ်ချက်မှာ တင်း ၅၀ဖြစ်သည်။ ယခုအခါ စပါးအပြီး အောက်ရေအစိုဓာတ်ဖြင့် စိုက်ပျိုးရသော် လည်း တစ်ဧကပျမ်းမျှ ၃၅တင်းနှုန်း ထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဤသစ်ကြိမ်း ကျေးရွာအုပ်စုနှင့် ပေါက်မြိုင် ကျေးရွာအုပ်စုများသည် ကြံ အများဆုံးစိုက်ပျိုးရာ ဒေသဖြစ်သည်။ နေပြည်တော်လယ်ဝေးမြို့နယ် တစ်မြို့နယ် လုံး၏ ကြံစိုက်ပျိုးဧက ၁၄၀၀၀ ရှိရာတွင် ဧက၁၀၀၀၀ခန့်စိုက်ပျိုးကြောင်းသိရသည်။ အကြောင်းမှာ တောင်စဉ်အေး သကြားစက် တည်ရှိနေခြင်းကြောင့်ဖြစ်သည်။ ယခုအခါ ကြံစိုက်ပျိုးရာ ကျေးရွာအုပ်စုများမှ တောင်စဉ်အေး သကြားစက်သို့ ကြံကား ကြီးများ ဖုန်တထောင်းထောင်းမောင်းနှင် ပေးပို့လျက်ရှိသည်ကို တွေ့ရသည်။ သစ် ကြိမ်းကျေးရွာမှ အရှေ့ဘက် တောင်ဖီလာ တောင်သို့ ဆက်သွားလျှင် နေပြည်တော် အတွက် ဘိလပ်မြေစက်ရုံနှစ်ရုံ တည် ဆောက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော်လာရောက်ရခြင်း အကြောင်းမှာ စိုက်ပျိုးရေးသတင်းဆောင်းပါး ရေးသား ရန်ဖြစ်၍ ထိုဘိလပ်မြေ စက်ရုံများသို့ သွားရောက်လေ့လာခြင်း မပြုတော့ဘဲ သစ်ကြိမ်းရွာမှ ပြန်ခဲ့ကြလေသည်။

အပြန်ခရီးတွင် နေပြည်တော်လေဆိပ် သွားလမ်းအတိုင်းမပြန်တော့ဘဲ သာဝတ္ထိမြို့ အနီးမှခွဲထွက်သည့် ရန်ကုန်-မန္တလေး အမြန်ကားလမ်းအတိုင်း ပြန်ခဲ့ကြခြင်း ဖြစ်သည်။ အပြန်ခရီးတွင်လည်း ကြောင် ရေ၊ နောင်ဘို၊ သပြေပင်နှင့် ရေအိုးစင် ကျေးရွာအုပ်စုများ၌ အောင်မြင်ဖြစ်ထွန်း နေသော မတ်ပဲစိုက်ခင်းများကို ကြည့်ခဲ့ရ သေးသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ၂၀၀၈-၂၀၀၉ ခုနှစ် ရာသီအတွင်း နေပြည်တော် လယ်ဝေးမြို့နယ်၏ မတ်ပဲ စိုက်ဧကမှာ ၂၇၉၆၄ ဧကရှိသည်။ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ မတ်ပဲ ၁၇၇၅၂ဧကစိုက်ပျိုးပြီး နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မတ်ပဲ၂၆၉၇ဧက စိုက်ပျိုးထားကြောင်း သိရသည်။ စုစုပေါင်း နေပြည်တော်ခရိုင်အတွင်း မတ်ပဲ ၄၈၄၁၃ဧကစိုက်ပျိုးထားကြောင်း သိရသည်။

ထို့အပြင်ဆောင်းမြေပဲ ၆၅၂၅ဧက၊ ဆောင်းနှမ်း ၉၆၃၆ဧက၊ သီးညှပ်ဆောင်း နေကြာ ဧက ၃၃၉၀၊ သီးသန့်ဆောင်း နေကြာ ၃၅၇ဧက၊ မိုးစပါး ၇၂၂၆၇ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထို့အပြင် နွေစပါးကိုလည်း ၃၉၈၅ ဧက စိုက်ပျိုးရန်လျာထားကြောင်းသိရ သည်။ ဤသို့ဆိုလျှင် နေပြည်တော်တစ် ခွင်ဆောင်းသီးနှံများဖြစ်ထွန်းအောင်မြင် နေပြီဟုဆိုချင်ပါသည်။ တစ်နည်းဆိုရ လျှင်အစိမ်းရောင်လွင်ပြင်များ၏ ဖြစ်ထွန်း မှုကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီ ဖြစ်သည်။ ထို အစိမ်းရောင်လွင်ပြင်များ တောင်ငူတွင်လည်းတွေ့ရမည်။ ပဲခူးတွင် ဖြစ်ထွန်းနေသည်။ ထိုအစိမ်းရောင် လွင်ပြင်များ ပေါင်းစပ် ဆက်စပ်တွေး ကြည့်လိုက်သည့်အခါ...။ ဆောင်း သီးနှံတို့၏ ဖြစ်ထွန်းအောင်မြင်မှုကို မျှော်မှန်းတွက်ဆနိုင်မည်သာ ဖြစ်ပါ တော့သည်။ ။ **(မြန်မာ့အလင်း)**

"ကျွန်တော်တို့ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးရွာအများစု မှာ မတ်ပဲပန်းတိုင် အထွက်တိုးနှုန်း ရရှိနေပြီ ဖြစ်ပါတယ်"

ဦးလှမြင့်
မြို့နယ်စိုက်ပျိုးရေး
မန်နေဂျာ။

သဲကောကြီး ကျေးရွာအနီးရှိ အောင်မြင် ဖြစ်ထွန်းနေသော ပန်းဂေါ်ဖီ စိုက်ခင်းများကို တွေ့ရစဉ်။

ကြောင်ရေကျေးရွာအနီးရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မြေပဲစိုက်ခင်းကို ဤသို့ တွေ့ရသည်။

သစ်ကြိမ်းကျေးရွာအုပ်စု ဟေမာန်ကျေးရွာနှင့် ဘုရားကုန်းကျေးရွာအကြားရှိ အောင်မြင်ဖြစ်ထွန်းနေသည့် နေကြာသီးသန့်စိုက်ခင်း ဧက ၂၀၀ကို ဤသို့ တွေ့မြင်ရသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အတွက် ရတနာပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဇန်နဝါရီလ ၁၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ရင်ခွင့်လှုံ ကိန်းဝပ်ပူဇော်ခံပြီး ဖြစ်ပါသည်။

အလားတူ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ စတင်၍ မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၌ ရင်ခွင့်လှုံ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါသည်။

ပူဇော်လှူဒါန်းလိုသူ အလှူရှင်များသည် မန္တလေးမြို့၌ ရင်ခွင့်လှုံကိန်းဝပ် ပူဇော်ခံနေစဉ် ထည့်သွင်းပူဇော်လိုသော ရတနာပစ္စည်းများကို အဆိုပါနေရာဌာနရှိ ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီအဖွဲ့ဝင်များထံ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ အပူဇော်ခံထားရှိသည့်အချိန်တွင် ပန်းထိမ်အဖွဲ့များပါ တစ်ပါတည်းထားရှိပေးမည်ဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်လိုသည့် ပစ္စည်းများအား လာရောက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်လေဆိပ်၊ နေပြည်တော် ရွာတော်ဘူတာနှင့် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်းတို့သို့ လေကြောင်းခရီးဖြင့် လည်းကောင်း၊ မြန်မာ့မီးရထားဖြင့် လည်းကောင်း၊ မော်တော်ယာဉ်များဖြင့် လည်းကောင်း ရောက်ရှိလာကြရာ**(အပေါ်ပုံ)** (၆၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်းသို့ ပို့ဆောင် နေရာချထားပေးကြသည်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

(၃၁)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာ့ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၉ခုနှစ် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲ၏ တတိယနေ့ပြိုင်ပွဲတွင် ကျင်းအမှတ်(၁၀)၌ တီးထန်လျှန်း(ချင်းပြည်နယ်)၊ စတုတ္ထနေ့ပြိုင်ပွဲတွင် ကျင်းအမှတ်(၁၆)၌ အေးချမ်းသာ(တနင်္သာရီတိုင်း)နှင့် ကျင်းအမှတ်(၁၁)၌ မောင်မောင်သန်း(ရခိုင်ပြည်နယ်)တို့က Eagle ဆုများကို ရရှိသွားကြသည်။

အသင်းခေါင်းဆောင်များပြိုင်ပွဲ

အသင်းခေါင်းဆောင်များ ပြိုင်ပွဲကို (Team Captains) ပြိုင်ပွဲကို System (36)ဖြင့် ကျင်းပရာ အသားတင်ရိုက်ချက် ၇၁ချက်ဖြင့် ဦးအောင်သန်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ဒုတိယရရှိပြီး အသားတင်ရိုက်ချက် ၆၉ချက်ဖြင့် ဦးကျော်ကျော်(မန္တလေးတိုင်း)က ပထမဆုရရှိသွားကြသည်။

အမျိုးသား တစ်ဦးချင်း ငွေအဆင့် (Individual Scratch Event Silver Division)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၂၈ချက်ဖြင့် ဇော်ဝင်း(မွန်ပြည်နယ်)က တတိယ၊ စုစုပေါင်းရိုက်ချက် ၃၂၆ချက်ဖြင့် ခင်မောင်အေး(ကချင်ပြည်နယ်)က ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၃၂၃ချက်ဖြင့် စိုးမြင့်သောင်း (ချင်းပြည်နယ်)က ပထမရရှိသွားကြသည်။

အမျိုးသားတစ်ဦးချင်းရွှေအဆင့်

အမျိုးသားတစ်ဦးချင်းရွှေအဆင့် (Individual Scratch Event Silver Division)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၆ချက်ဖြင့် မောင်မောင်ဦး (မန္တလေးတိုင်း)က တတိယ၊ စုစုပေါင်း ရိုက်ချက် ၂၉၂ချက်ဖြင့် သက်ဇော်ထွေး (ရန်ကုန်တိုင်း)က ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၂၉၂ချက်ဖြင့် သန်းဇော်(ရန်ကုန်တိုင်း)က ပထမရရှိသွားကြသည်။

ပထမရရှိ

အသင်းလိုက် ငွေအဆင့် (Team Scratch Event Silver Division) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၉၉၆ချက်ဖြင့် ဧရာဝတီတိုင်းအသင်းက ဒုတိယရရှိပြီး စုစုပေါင်းရိုက်ချက် ၉၉၃ချက်ဖြင့် ကချင်ပြည်နယ်အသင်းက ပထမရရှိသွားသည်။

တံခွန်စိုက်ဆုဖလား

အသင်းလိုက် ရွှေအဆင့် (Team Scratch Event Silver Division) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၉၁၂ချက်ဖြင့် မန္တလေးတိုင်းအသင်းက ဒုတိယရရှိပြီး စုစုပေါင်းရိုက်ချက် ၉၀၉ချက်ဖြင့် ရန်ကုန်တိုင်းအသင်း ပထမရရှိကာ အသင်းလိုက်တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးသွားသည်။ ထို့နောက် ရန်ကုန်တိုင်းအသင်း ခေါင်းဆောင် ဦးခင်မောင်လတ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် အောင်ပွဲရ ဂေါက်သီးအားကစားသမားများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အေးသာယာဂေါက်ကွင်းသို့ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ချီးမြှင့်သော အမှတ်တရဂုဏ်ပြုလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က ပေးအပ်ရာ အေးသာယာဂေါက်ကွင်း ဒုတိယမန်နေဂျာ ဦးစိုးမြင့်က လက်ခံသည်။

ပံ့ပိုး

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် KBZ Bank Ltd., က အဓိကကူညီပံ့ပိုးပြီး Co-Sponsor များအဖြစ် Dagon Brewery Ltd. နှင့် KM Golf Centre တို့က ထပ်မံ၍ ပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်အတူ ပထမရရှိသွားသော ရန်ကုန်တိုင်း ဂေါက်သီးရိုက်အသင်းအား တွေ့ရစဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဖေဖော်ဝါရီ ၃ရက်က ကျင်းပပြုလုပ်ခဲ့သော အာရှဘောလုံးအဖွဲ့ချုပ်(AFC) အလုပ်အမှုဆောင် အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။

(အား/ကာ)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ဖန်းမော် ဖေဖော်ဝါရီ ၆

ဖန်းမော်မြို့ သီရိရတနာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်း ၂၀၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝန်ထမ်း ၁၀ဦး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ၃၀၊ သီရိရတနာဈေးမိဈေးဖများနှင့် ဈေးသူဈေးသားများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ ၈၀ စုစုပေါင်း အင်အား ၁၄၀တို့ဖြင့် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မဟာဒွါရ မဟာသန္နိပါတ အစည်းအဝေးပွဲကြီး ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်းလုံးဆိုင်ရာ မဟာနာယက ပူဇော်ပွဲသဘင်နှင့်မဟာသန္နိပါတ အစည်းအဝေးပွဲကြီးကို ၁၃၇၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၅၊ ၆ရက်၊ (ဖေဖော်ဝါရီ ၁၄၊၁၅)ရက်တို့တွင် ဧရာဝတီတိုင်း ဟင်္သာတမြို့ သာသနာ့ဗိမာန်တော်ကြီး ဆယ်ထပ်ကြီး ဘုရားပရိဝုဏ်အတွင်း၌ ကျင်းပမည်ဖြစ်ရာ သာသနာရေးကိစ္စ၊ ဂိုဏ်းဂဏရေးကိစ္စအဝဝတို့ကို ဆွေးနွေးတိုင်ပင်တော်မူကြပါရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်တော်မူကြကုန်သော ကျောင်းသီး၊ ကျောင်းပိုင်၊ ကျောင်းထိုင်ဆရာတော်များသည် မိမိတို့၏ တာဝန်ကိုသိမြင်တော်မူကြသည့် အားလျော်စွာ တပို့တွဲလပြည့်ကျော်၄ရက်(ဖေဖော်ဝါရီ၁၃ရက်)သောကြာနေ့အရောက် ကိုယ်တော်တိုင် မပျက်မကွက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်လွှာများ ပေးပို့ ဆက်ကပ်ထားပါကြောင်းနှင့် ပင့်စာ မရောက်ရှိပါကလည်း ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံတောင်ကြီးမြို့၌ မြေထိန်းနံရံတည်ဆောက်

သံတောင်ကြီး ဖေဖော်ဝါရီ ၆

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အမှတ်(၁)ရပ်ကွက် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ၃ရက်က အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့က ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်မင်း လတ် ၁၂/ဥကမ (နိုင်) ၁၈၆၉၆၁၏ 4-Ticket Bst 26825 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၆၉၉၄၈၃။**

အမြန်ရောင်းမည်

အမှတ် ၈၅၊ (၁၃)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပေ၈၀×ပေ၁၀၀ (RC) နှစ်ထပ်၊ ကားဂိုဒေါင်၊ ပါဝါမီတာ၊ Ph...၊ (အဆင့်မြင့်ပြင်ဆင်ပြီး)၊ ညှိနှိုင်းဈေးဖြင့် ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။

ဖုန်း- ၀၅၂-၃၀၀၃၆၊
၀၉-၅၁-၆၄၂၀၃၊
၀၉-၅၃-၀၀၃၂၆။

ရန်ကုန်ဂေါက်အသင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန် ဂေါက်အသင်း (တညင်းကုန်း)၌ ဦးဖုန်းမြင့်နိုင်သည် ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၂နာရီခွဲတွင် ကစားဖော်များဖြစ်သော ဦးဝင်းထိုက်၊ ဦးအောင်စိုးမိုး၊ ဦးငယ်ငယ်အောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၅)၊ ၁၈၅ ကိုက်အကွာ၌ Titleist PRO V (1) ဘောလုံးကို Pingzing (7) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင် သွားခဲ့ကြောင်း သိရသည်။

(ရန်ကုန်ဂေါက်အသင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြောင်းမြမြို့၊ မြိုင်မာလာ(၁)လမ်း၊ အမှတ်၄၈နေ
ဦးယန်စန်း-ဒေါ်ခင်ဖုန်းတို့၏သားကြီး

မောင်ဝေလင်း
B.Sc, (Maths;), A.G.T.I(EC)
Operation Executive, Sembcorp Environment Pte., Ltd. Singapore

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်-၃၃၁၊ အခန်း-၂၃နေ
ဦးဘဏ်ဝင်း(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဂေါပကအဖွဲ့ဝင်၊ စွယ်တော်မြတ်စေတီတော်၊ ရန်ကုန်)-ဒေါ်စန်းစန်းကြည်တို့၏ တစ်ဦးတည်းသောသမီး

မဝင်းမင်းအေး
B.Sc.,(Maths;),A.G.T.I(Civil)
Quantity Surveyor, Golden Tai Yang Pte ., Ltd. Singapore

တို့သည် ၁-၂-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝေလင်း-မဝင်းမင်းအေး။

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

မန္တလေးမြို့၊ နန်းတော်ရှေ့ရပ်နေ
ဦးမိုးသန့် (သ/မ၊ ဦးစီးအရာရှိ၊ ငြိမ်း)-ဒေါ်စမ်းမြင့်
(လက်ထောက်ကထိက၊ ငြိမ်း၊ မန္တလေး၊ သ/မ၊ ကောလိပ်)တို့၏သား၊
မဟေမာဝင်း (B.M.T.M၊ အလုပ်သင်ပြည်သူ့တိုင်းရင်းဆေးရုံကြီး)၏ အစ်ကို

ဗိုလ်ကြီးပိုင်မင်းသန့် **B.C.Sc (D.S.A)**

နှင့်

ဒုတိယဗိုလ်မှူးကြီးကျော်ဇောအောင် (ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊
စိုက်ပျိုးရေးသုတေသန ဦးစီးဌာနရုံးချုပ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)-
ဒေါ်စမ်းကြည်ကြည် (B.Com AA၊ အလပြ၊ ငြိမ်း)တို့၏သမီးထွေး၊
ဗိုလ်ကြီးရဲထက် (B. Sc, Ph.D)-ဒေါ်ယုလှဲ့အောင် (LL.B၊ အထက်တန်းရှေ့နေ)၊
ကိုနေလင်းအောင် (Second Mate F.G၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)တို့၏ညီမထွေး

မအိဖြူအောင်
Final Year (Maths)

တို့ကို နှစ်ဖက်သောမိဘတို့၏ ဝတ္တရားရှိသည့်အတိုင်း လက်ထပ်ထိမ်းမြား မင်္ဂလာဆောင်နှင်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးပိုင်မင်းသန့်-မအိဖြူအောင်။

လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

၂၇-၁-၂၀၀၉ ရက် (အင်္ဂါနေ့)တွင် မန္တလေးမြို့ Oriental House တွင် ကျင်းပပြုလုပ်ခဲ့သော ကျွန်တော်ကျွန်မတို့၏ မင်္ဂလာဧည့်ခံပွဲသို့ ချီးမြှင့်ပေးပါသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဗိုလ်မှူးချုပ်အောင်ကျော်ဇော၏ဇနီး ဒေါ်မြတ်နိုးလွင်၊ ဗိုလ်မှူးချုပ်နေဝင်း (ငြိမ်း)နှင့်ဇနီး ဒေါ်နန်းမြအေးတို့အားလည်းကောင်း၊ လက်ထပ်မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်လှဝင်း၊ လက်ထပ်မင်္ဂလာလက်စွပ်များ ချီးမြှင့်ပေးခဲ့ပါသော ဗိုလ်မှူးချုပ်ငွေစိုးနှင့်ဇနီး ဒေါ်ချိုချိုမြင့်တို့အားလည်းကောင်း၊ မင်္ဂလာ သတို့သားအရံ ဗိုလ်ကြီးအောင်ကိုချစ်၊ မင်္ဂလာသတို့သမီးအရံ မနန်းသက်သက်လှိုင်၊ မင်္ဂလာပန်းကြဲပေးပါသော မဟေမာဝင်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးပါသော မမြပန်းဖြူ၊ မင်္ဂလာပန်းကုံးဗန်းကိုင်ပေးပါသော မမနောဖြူတို့အားလည်းကောင်း၊ မင်္ဂလာသတို့သမီးကို မေတ္တာဖြင့် မိတ်ကပ်လိမ်းခြယ်ပေးပါသော မဇင်မာ (Shilo)အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် သူငယ်ချင်းများ၊ ရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးပိုင်မင်းသန့်-မအိဖြူအောင်။

အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်မူမူသိန်း(ခ)စီစီသိန်း ၁၂/ရကန(နိုင်)၀၅၂၉၆၅သည် သားသမီးများကိုပင် ငဲ့ညှာမှုမရှိဘဲ မိဘညီအစ်ကို မောင်နှမများ ခွင့်မလွှတ်နိုင်လောက်သောကိစ္စကို ပြုမူဆောင်ရွက်သွားပါသဖြင့် ၅-၂-၂၀၀၉ရက်မှစ၍ သမီးနှင့် ညီအစ်ကိုမောင်နှမများ အဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

မိခင်ဖြစ်သူ-
ဒေါ်မြမြခိုင်နှင့်
ညီအစ်ကိုမောင်နှမများ။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၇၅ မြေကွက် အမှတ် ၁၀၄-B° နှစ်၆၀ဂရန်မြေကွက်၏ နောက်ဘက်(အရှေ့ခြမ်း) ဧရိယာ ပေ ၅၀×၅၀ မြေကွက် (အဆောက်အအုံမရှိ)၊ ရတနာမြိုင်အိမ်ရာ စီမံကိန်းခြံအမှတ် ၁၀၄-B° ဟု ခေါ်တွင်သည့် မြေကွက်ကိုလက်ရှိပိုင်ဆိုင်ထားသူများထံမှ ကျွန်ုပ်၏အမှုသည်များက ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို အပြီးဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးရွှေ B.A,H.G.P,R.L
တရားရုံးချုပ်ရှေ့နေ၊ စဉ်-၅၈၀၅၊
ဦးစံလင်း B.A,H.G.P,R.L
တရားရုံးချုပ်ရှေ့နေ၊ စဉ်-၇၁၀၂၊
အမှတ် ၅၀(ပထမထပ်) အခန်း ဘီ-၃၊
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။



အိမ်ရှင် မန္တလေးတိုင်းအသင်း ဗိုလ်လုပွဲသို့ တက်ရောက်

ရခိုင်ပြည်နယ်ကို ဂိုးပြတ်သွင်းပြီး ပြည်ထောင်စုဒိုင်းနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-စိုင်းရဲရင့် **စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)**

မန္တလေး ဖေဖော်ဝါရီ ၆

၂၀၀၉ခုနှစ် (၅၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီက မန္တလေးမြို့ ဗထူးကွင်း၌ကျင်းပရာ အိမ်ရှင်မန္တလေးတိုင်းအသင်းက ရခိုင်ပြည်နယ်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရပြီး ဗိုလ်လုပွဲကို တက်ရောက်သွားပါတယ်။

မန္တလေးတိုင်းအသင်း - သုံးဂိုး
ရခိုင်ပြည်နယ်အသင်း - ဂိုးမရှိ

ပြိုင်ပွဲတစ်လျှောက်ရှုံးပွဲမရှိ ခြေစွမ်းပြနေတဲ့ အသင်းဖြစ်သလို ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်ကစားရတဲ့ အိမ်ရှင်မန္တလေးတိုင်းအသင်းကတော့ အခုပွဲမှာလည်းဆက်လက်ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ပြိုင်ပွဲသက်တမ်းတစ်လျှောက် (၂၁)ကြိမ်ဗိုလ်စွဲခဲ့ပြီး အအောင်မြင်ဆုံး ဖြစ်နေတဲ့ မန္တလေးတိုင်း အသင်းဟာ ၂၀၀၅ ခုနှစ် အကြိမ်(၅၀)မြောက်ပြိုင်ပွဲမှာ ဗိုလ်စွဲထားပြီးနောက်ပိုင်း အောင်မြင်မှုနဲ့ဝေးနေတာကြောင့် အခုပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ဖို့ အသေအချာယှဉ်ပြိုင်ကစားနေတာကို တွေ့ရပါတယ်။ ဒုတိယအဆင့် အုပ်စုပွဲစဉ်တုန်းက နောက်ဆုံးပွဲကျမှ ကယားကို ဂိုးပြတ်သွင်းပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တဲ့ ရခိုင်ပြည်နယ်ကတော့ ပထမဦးဆုံးအကြိမ်ဗိုလ်လုပွဲအဆင့်ကိုရောက်ဖို့ကြိုးပမ်းခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ရခိုင်ပြည်နယ်အသင်းဟာ ဂိုးပြတ်ရှုံးခဲ့ပေမယ့် ခြေကတော့ မရှုံးခဲ့ပါဘူး။

အိမ်ရှင်ပရိသတ်၏ အားပေးမှုနဲ့အတူ မန္တလေးတိုင်း အသင်းဟာ

အကောင်းဆုံးဆုရ ကျော်ကိုကို-၂ (မန္တလေး)။
(မြန်မာ့အလင်း)

ပွဲစကတည်းက တိုက်စစ်အားမြင့် ကစားခဲ့ပါတယ်၁၀မိနစ်မှာမန္တလေးတိုင်း အသင်း ဖွဲ့ဆော်ဦးဂိုးရသွားပြီး နေဦးလွင်က သွင်းယူခဲ့တာဖြစ်ပါတယ်၊ စောစီးစွာ ဂိုးပေးလိုက်ရလို့ ရခိုင်ပြည်နယ်အသင်း ပြန်လည် ကြိုးစားခဲ့ပေမယ့် အဆုံးသတ်အားနည်းခဲ့တာကတော့ ကံဆိုးသွားစေခဲ့ပါတယ်။ မန္တလေးတိုင်း အသင်းကလည်း ဂိုးသွင်းခွင့်တွေ ရပေမယ့် အသုံးမချနိုင်လို့ပထမပိုင်းမှာ တစ်ဂိုးနဲ့ပဲအနိုင်ရနေခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာလည်း ပွဲဟာ အပြန်အလှန်ဖြစ်ခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့်တွေကို လွဲချော်နေခဲ့ပါတယ်။ မန္တလေး အသင်းမှာလည်း မိနစ် ၇၀ နောက်ပိုင်းကျမှ အနိုင်ဂိုးတွေ ထပ်မံရရှိခဲ့ပြီး ၇၅မိနစ်မှာ အောင်ကိုဝင်းနဲ့ မိနစ်၈၀မှာ ကျော်ကိုကို-၂ တို့က သွင်းယူခဲ့တာဖြစ်ပါတယ်။မန္တလေးတိုင်းအသင်း ဗိုလ်လုပွဲ ရောက်ခဲ့လို့ မန္တလေးသားတွေ ပျော်မြူးနိုင်ခဲ့ကြပြီး ဗထူးကွင်းမှာ မြနန္ဒာသီချင်း ဖုံးလွှမ်းသွားခဲ့ပါတယ်။ ။

ယနေ့ပွဲ

ဒုတိယအကြိုဗိုလ်လုပွဲ
ကချင်ပြည်နယ်နှင့် မကွေးတိုင်း
(မြန်မာ့အလင်း)

ဗိုလ်လုပွဲရောက် အိမ်ရှင် မန္တလေးတိုင်းအသင်း။
(မြန်မာ့အလင်း)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးနှင့် လွိုင်လင်တွင် ညအပူချိန် သုညဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်း၌ ၃ ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၆

ဖေဖော်ဝါရီ ၇ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ရာသီဥတုအခြေအနေကို ခန့်မှန်းရလျှင် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာမည် ဖြစ်သည်။

ဖေဖော်ဝါရီ ၇ရက် (**ယနေ့**) နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၆ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန် တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။ တနင်္သာရီတိုင်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများ၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့နှင့် လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့၌ ၃ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့၌ ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေမည်ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းနဲ့ သစ်တောရေးရာအသင်းတို့ ပြိုင်ဘက်အသင်းများကို ပွတ်ကာသီကာ အနိုင်ရသွားပါတယ်။

အောင်ဆန်းကွင်း

စီးပွား/ကူးသန်းအသင်း - တစ်ဂိုး
လယ်ယာ/ဆည်မြောင်းအသင်း - ဂိုးမရှိ

သုဝဏ္ဏကွင်း

သစ်တောရေးရာအသင်း - နှစ်ဂိုး
ကာကွယ်ရေးဝန်ကြီးဌာန - တစ်ဂိုး

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ

၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြု သင်ခန်းစာများကို နှစ်ပိုင်းခွဲပြီး ရှင်းလင်းပို့ချပါမည်။ ပထမပိုင်းမှာ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံကို ရှင်းပြပြီး၊ ဒုတိယပိုင်းမှာ စာမေးပွဲမေးခွန်းဖြေဆိုပုံဖြေဆိုနည်းနှင့် သတိပြုရမည့် အချက်များကို ရှင်းလင်းပို့ချပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ

၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာကို အပိုင်း(က) နှင့် အပိုင်း(ခ)ဆိုပြီး နှစ်ပိုင်းခွဲခြား မေးထားပါသည်။ အပိုင်း(က)တွင် မဖြေမနေရ ဖြေဆိုရမည့်မေးခွန်း နှစ်ပုဒ်မေးထားပါသည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂) ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)ကို သုံးမျိုးခွဲခြားထားရာ ပေးထားသည့် ဖော်ပြချက်များကို မှား/မှန်ဖြေဆိုရမည့်မေးခွန်း၊ ကွက်လပ်ဖြည့်မေးခွန်းနှင့် ရွေးချယ်မှုမေးခွန်းတို့ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၂)မှာ အဓိပ္ပာယ်ဖွင့်ဆိုချက် မေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းတွင် အဓိပ္ပာယ်ဖွင့်ဆိုရမည့် ဝေါဟာရများ ပေးထားပြီး ယင်းတို့အထဲမှ နှစ်သက်ရာ(၁၀)ခုကို ရွေးချယ်ဖြေဆိုရမည် ဖြစ်ပါသည်။ ဒသမတန်းဘောဂဗေဒသင်ရိုးစာအုပ်တွင် ရေးသားဖော်ပြထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တိတိကျကျ ပြည့်ပြည့်စုံစုံ ရေးသားနိုင်လျှင် အမှတ်ပြည့်ရရှိနိုင်မှာ ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်း၏ အပိုင်း(က)တွင် မေးထားသည့် မေးခွန်းနံပါတ်(၁)နှင့် မေးခွန်းနံပါတ်(၂)တွင် ပါဝင်သည့်မေးခွန်းများသည် ပြဋ္ဌာန်းသင်ရိုးစာအုပ်ပါ အခန်း(၆)ခန်းစလုံးနှင့် သက်ဆိုင်သော မေးခွန်းများဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁) နှင့် မေးခွန်းနံပါတ်(၂) နှစ်ပုဒ်ပေါင်းအတွက် အမှတ်မှာ (၄၀) ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂)ကို ပြည့်စုံမှန်ကန်စွာ ဖြေဆိုနိုင်လျှင် အမှတ်(၄၀) အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းလွှာ၏ အပိုင်း(ခ)မှာ စုစုပေါင်းမေးခွန်း (၄)ပုဒ် ပေးထားပါသည်။ မေးခွန်း နံပါတ်(၃)၊ (၄)၊ (၅)၊ (၆) တို့ဖြစ်ပါသည်။ ထို(၄)ပုဒ်မှ နှစ်သက်ရာ(၃)ပုဒ်ကို ရွေးချယ် ဖြေဆိုရမှာဖြစ်ပါသည်။ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅) တို့မှာ ပုံစံတူမေးခွန်းများ ဖြစ်ပါသည်။ မေးခွန်းတစ်ပုဒ်စီတွင် (က) နှင့် (ခ) ဟူ၍ အပိုင်းနှစ်ပိုင်းစီပါဝင်ပြီး (က) အပိုင်းတွင် မေးခွန်းရှည်ဖြစ်ပြီး၊ (ခ)အပိုင်းတွင် မေးခွန်းတို(၄)ပုဒ် မေးထားပါသည်။ (ခ) အပိုင်း မေးခွန်းတိုသည် မှတ်စုတိုရေးရန် ဖြစ်ပြီး ယင်းမေးခွန်းတို (၄)ပုဒ်မှ မိမိကြိုက်နှစ်သက်ရာ (၂)ပုဒ် ရွေးချယ်ဖြေဆိုရမည် ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုမည့် တပည့်တို့က (က)အပိုင်း မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုပါက (ခ) အပိုင်းက မှတ်စုတိုမေးခွန်း (၂)ပုဒ် ဖြေဆိုရန်မလိုသကဲ့သို့ (ခ) အပိုင်း၏ မေးခွန်းတို့ကို ရွေးချယ်ဖြေဆိုပါကလည်း (က)အပိုင်း၏ မေးခွန်းရှည်ကို ဖြေဆိုရန်မလိုပေ။ (က) အပိုင်း မေးခွန်းရှည်တစ်ပုဒ်တည်းအတွက် အမှတ်(၂၀)ပေးထားပြီး (ခ) အပိုင်း မှတ်စုတိုအတွက် တစ်ပုဒ်စီလျှင် (၁၀)မှတ်နှင့် နှစ်ပုဒ်အတွက် အမှတ်(၂၀) ပေးထားပါသည်။

နောက်ဆုံးမေးခွန်းဖြစ်သည့် မေးခွန်းနံပါတ် (၆)သည် ဉာဏ်စမ်းမေးခွန်းဖြစ်ပြီး ပေးထားသည့် စာရင်းအင်း ကိန်းဂဏန်းများကို အခြေခံပြီး မျဉ်းကွေးများနှင့်ပုံများ ရေးဆွဲခြင်း၊ တွက်ချက်သုံးသပ် ဖြေဆိုခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၆)တွင် မေးခွန်း(၃)ပုဒ် (က)၊ (ခ)၊ (ဂ) ပါဝင်ပြီး ယင်း(၃)ပုဒ်မှ နှစ်သက်ရာ(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည် ဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်း၏ အပိုင်း(ခ)အတွက် ပေးမှတ်စုစုပေါင်းမှာ အမှတ်(၆၀) ဖြစ်ပါသည်။

၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာပုံစံကို ခြုံပြီးပြောရလျှင် မေးခွန်းအမျိုးအစား ငါးမျိုး ပါဝင်သည့် မေးခွန်း(၆)ပုဒ် ပေးထားသော မေးခွန်းလွှာ ဖြစ်ပါသည်။ မေးခွန်းအမျိုးအစား ငါးမျိုးမှာ (၁)ဓမ္မဓိဋ္ဌာန် မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း၊ (၃) မှတ်စုတိုမေးခွန်း၊ (၄)မေးခွန်းရှည်နှင့် (၅) ဉာဏ်စမ်းမေးခွန်းတို့ ဖြစ်ပါသည်။ မေးထားသည့် မေးခွန်း (၆)ပုဒ်အနက် အပိုင်း(က)တွင် ပါဝင်သည့် မေးခွန်းနံပါတ်(၁)နှင့် မေးခွန်းနံပါတ်(၂)တို့သည် မဖြေမနေရမေးခွန်းများဖြစ်ပြီး အပိုင်း(ခ)တွင် ပါဝင်သည့်မေးခွန်း(၄)ပုဒ်တွင် မိမိနှစ်သက်ရာ (၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည့်အတွက် စုစုပေါင်း မေးခွန်း (၅)ပုဒ် ဖြေဆိုရမည်ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းဖြေဆိုပုံဖြေဆိုနည်း

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် ပါဝင်သည့် မေးခွန်း(၆)ပုဒ်ကို ဖြေဆိုသည့်အခါ မည်ကဲ့သို့ဖြေဆိုရမည်ကို မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းသွားပါမည်။

မေးခွန်းနံပါတ် (၁)သည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်သည့် မှား/မှန် မေးခွန်းဖြစ်၍ ဖြေဆိုသည့်အခါ မေးခွန်းကို သေသေချာချာဖတ်ပြီး သဘောပေါက်နားလည်အောင် စဉ်းစားပြီးမှ မှား (သို့မဟုတ်) မှန် ဟု ဖြေဆိုရမည်။ အဖြေမှန်ရရန်အတွက် ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကျေညက်အောင် ဖတ်ရှုလေ့လာ မှတ်သားထားရန် လိုပါသည်။ ဥပမာ- ''ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးသည် မူရင်းအမှတ်မှ ခုံးနေခြင်းမှာ ကျဆင်းနေသော အခွင့်အလမ်းစရိတ်ကြောင့် ဖြစ်သည်။''ဟု မေးထားပြီး မှား/မှန် ဖြေဆိုခိုင်းလျှင် အဖြေမှန်မှာ 'မှား' ဖြစ်ပါသည်။ အဘယ်ကြောင့် 'မှား'သည်ဆိုခြင်းမှာ ပြဋ္ဌာန်းစာအုပ်၏ အခန်း(၁) အပိုင်း ၁-၄တွင် 'ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး မူရင်းအမှတ်မှ ခုံးနေခြင်းသည် တိုးတက်နေသော အခွင့်အလမ်းစရိတ်သဘောကို ဖော်ပြသည်။' ဟု ဖော်ပြထားကြောင်း တပည့်တို့ သတိပြုနိုင်ပါသည်။

မေးခွန်းနံပါတ်(၁)မှ ကွက်လပ်ဖြည့်မေးခွန်းကိုဖြေဆိုနိုင်ရန်လည်း ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန်ကျေညက်အောင် ဖတ်ရှုလေ့လာမှတ်သားထားရန် လိုပါသည်။ ပေးထားသည့်စာကြောင်း၏ ကွက်လပ်ထဲတွင် တိကျသောစကားလုံးများကို ရေးသားဖြည့်စွက်ရမည်ဖြစ်ပါသည်။ ဥပမာ- 'ကုန်စည်တစ်ခုကို ရယူသုံးစွဲခြင်းကြောင့် အခြားကုန်စည်တစ်ခု၏ အသုံးဝင်မှုတိုးတက်ကောင်းမွန်စေလျှင် ၄င်းတို့ကို --------- များဟု ခေါ်ပါသည်။' ဟုမေးထားလျှင် ကွက်လပ်ဖြည့်ရမည့် စကားလုံးမှာ 'တွဲဖက်ကုန်စည်' ဖြစ်ပါသည်။ ယင်းကို ပြဋ္ဌာန်းစာအုပ်၏ အခန်း(၂) အပိုင်း ၂-၃တွင် ဖော်ပြထားပါသည်။

မေးခွန်းနံပါတ်(၁)မှ ရွေးချယ်မှုမေးခွန်းကိုဖြေဆိုနိုင်ရန်လည်း ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန် ကျေညက်အောင် ဖတ်ရှုလေ့လာမှတ်သားထားရန် လိုပါသည်။ ဥပမာ- ''လူ့အဖွဲ့အစည်းအားလုံး၏ အခြေခံစီးပွားရေးပြဿနာမှာ (က)အင်အားစုခွဲဝေမှုပြဿနာ (ခ) ကုန်စည်ထုတ်လုပ်မှုပြဿနာ (ဂ) လုပ်ငန်းဆုံးရှုံးမှုပြဿနာ ဖြစ်သည်။'' ဟုမေးထားလျှင် ဖြေဆိုရမည့်အဖြေမှန်မှာ (က) ဖြစ်ပြီး ယင်းကို ပြဋ္ဌာန်းစာအုပ်၏ အခန်း(၁) အပိုင်း ၁-၃တွင် ဖော်ပြထားပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းအပိုင်း(က)တွင် မေးထားသည့်မေးခွန်းနံပါတ်(၁)အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ထုတ်ဝေထားသည့် ဒသမတန်း ဘောဂဗေဒဖတ်စာအုပ်တွင် သင်ခန်းစာအခန်းတိုင်း၏အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန် ပေးထားပါသည်။

မေးခွန်းနံပါတ်(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းမှာ ပေးထားသည့်ဝေါဟာရများ၏ အဓိပ္ပာယ် ဖွင့်ဆိုသည့်အခါ ပြဋ္ဌာန်းစာအုပ်တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရေးသားရမှာဖြစ်ပြီး အဓိပ္ပာယ် ပြည့်စုံအောင်ရေးမှ အမှတ်ပြည့်ရမှာ ဖြစ်ပါသည်။ ဥပမာ- 'ချက်လက်မှတ်'ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ''ချက်လက်မှတ်ဆိုသည်မှာ လက်မှတ်ပေါ်တွင်ရေးသားထားသောငွေကို လက်ခံရရှိမည့်သူသို့ ဘဏ်မှ ထုတ်ပေးရန် ရေးသားထားသောညွှန်ကြားချက်ဖြစ်သည်။'' ဟုဖြေဆိုလျှင် အမှတ်ပြည့်ရမည်မဟုတ်ပါ။ ''ချက်လက်မှတ်ဆိုသည်မှာ လက်မှတ်ပေါ်တွင် ရေးသားဖော်ပြထားသော ငွေပမာဏကိုလက်ခံရရှိမည့်သူသို့ ဘဏ်မှထုတ်ပေးနိုင်ရန်အတွက် ရေးသားထားသော ညွှန်ကြားချက်တစ်ရပ်ဖြစ်သည်။''ဟု ဖြေဆိုမှသာ အမှတ်ပြည့်ရမည် ဖြစ်ပါသည်။

မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅) မှ မေးခွန်းရှည် (သို့မဟုတ်) မှတ်စုတိုနှစ်ပုဒ်ကို ရွေးချယ်ဖြေဆိုရာတွင် မေးခွန်းမှာပါရှိသည့် အကြောင်းအရာနှင့် ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပထမရေးပြီးမှ ရှင်းလင်းချက်များကို ဆက်ရေးရမည်ဖြစ်ပါသည်။ ဥပမာ- ဝယ်လိုအား၏အပြန်အလှန် အလျော့အတင်းကို မှတ်စုရေးသားဖြေဆိုမည်ဆိုလျှင် ပထမဦးစွာ ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖော်ပြပြီး ပုံသေနည်း၊ အလျော့အတင်းလက္ခဏာ(၃)မျိုး၊ ဆက်စပ်မှု ရှင်းလင်းချက် ဥပမာများနှင့် ရှင်းလင်းဖော်ပြရမည်ဖြစ်ပါသည်။

မေးခွန်းရှည်ဖြေဆိုပုံ ဥပမာပေးရမည်ဆိုလျှင် ''အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုနည်းလမ်းများကို ပြည့်စုံစွာ ရှင်းပြပါ။'' ဟု မေးထားလျှင် ပထမဦးစွာ အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုနည်းလမ်း အဘယ်ကြောင့် လိုအပ်သည်ကိုရှင်းပြပြီးမှ အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုနည်းလမ်းများကို ဆက်လက်ရှင်းပြရမည် ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅) တို့မှာ ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၁) မှ အခန်း (၆) အထိ အကြောင်းအရာများကို မေးခွန်းတစ်ပုဒ်လျှင် သီးသန့်အခန်းတစ်ခန်းစီမှ မေးထားခြင်းမျိုးမဟုတ်ဘဲ အခန်း (၁) မှ (၆) အထိ အကြောင်းအရာများကို ရောမေးထားနိုင်ပါသည်။ နောက်ဆုံးမေးခွန်းဖြစ်သည့် မေးခွန်းနံပါတ် (၆)ကို အထူးရှင်းပြလိုပါသည်။ မေးခွန်းနံပါတ် (၆) ကို (က)၊ (ခ)၊ (ဂ) ခွဲထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါသည်။ မေးခွန်းများမှာပေးထားသည့် ကိန်းဂဏန်း အချက်အလက်များကို အခြေခံပြီး မျဉ်းကွေးများ/ပုံများရေးဆွဲခြင်း၊ တွက်ချက်ပြီးရရှိသည့်အဖြေများကို သုံးသပ်တင်ပြခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။ မေးခွန်းသည် ပေးထားသည့်ကိန်းဂဏန်းများကိုအခြေခံပြီး မျဉ်းကွေးများရေးဆွဲခိုင်းပါက တိကျမှန်ကန်စွာ ရေးဆွဲရမည် ဖြစ်ပါသည်။

ဥပမာအခန်း(၁)မှ နိုင်ငံတစ်နိုင်ငံ၏ ထုတ်လုပ်နိုင်မှု အခြေပြဇယားမှ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးကို ရေးဆွဲခိုင်းသည်ဆိုပါစို့။ ပေးထားသည့် ထုတ်လုပ်နိုင်မှုအခြေပြဇယားသည် နိုင်ငံတွင်ရှိသည့် အင်အားစုများကို စွမ်းဆောင်ရည်ပြည့်ဝစွာအသုံးပြုပြီး ထုတ်လုပ်နိုင်သည့် ဆန်နှင့်အထည် အတွဲများကို ပေးထားလျှင် ထိုဇယားမှ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးကို ရေးဆွဲနိုင်ပါသည်။

ထုတ်လုပ်နိုင်မှုအခြေပြဇယား

အမှတ်စဉ်	ဆန်(တင်း)	အထည်(ကိုက်)
က	၈၀	၀
ခ	၆၀	၄၀
ဂ	၄၀	၇၀
ဃ	၂၀	၉၀
င	၀	၁၀၀

ထုတ်လုပ်နိုင်မှု အခြေပြဇယားတွင် ဖော်ပြထားသည့် ကုန်စည်နှစ်မျိုး (ဆန်နှင့်အထည်) အနက် ကုန်စည် တစ်မျိုး (ဥပမာ- ဆန် (တင်း)) ကို ဒေါင်လိုက်ဝင်ရိုးတွင် လည်းကောင်း၊ အခြားကုန်စည်တစ်မျိုး (ဥပမာ-အထည်(ကိုက်))ကို အလျားလိုက်ဝင်ရိုးတွင်လည်းကောင်း စကေး တိတိကျကျ မှန်မှန်ကန်ကန် သတ်မှတ်ပြီး ဝင်ရိုးနှစ်ခု ရေးဆွဲရပါမည်။ ပေးထားသည့်ဇယားပေါ်မူတည်၍ ဥပမာ - ဒေါင်လိုက်ဝင်ရိုးတွင် ဆန်ကို တစ် စင်တီမီတာလျှင် (၁၀)တင်းစီနှင့် အလျားလိုက်ဝင်ရိုးတွင်အထည်ကို တစ်စင်တီမီတာလျှင် (၁၀)ကိုက်စီဟူ၍ သတ်မှတ်ပါမည်။

ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး



စာမျက်နှာ ၁၆ ကော်လံ ၁

7-2 (15).pmd 1 2/7/2009, 3:07 AM

စာမျက်နှာ ၁၅ မှ

ဝင်ရိုးနှစ်ခုတွင် စကေးမှန်ကန်စွာ ရေးဆွဲပြီးနောက် ဇယားတွင်ပေးထားသော ကုန်စည်ပမာဏအတွဲများကို ဂရပ်ပေါ်တွင် မှတ်သားရပါမည်။ မှတ်သားထားသည့် အမှတ်များကို ဆက်ဆွဲလိုက်လျှင် ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးကိုရမည်။ ရေးဆွဲထားသည့် ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးပေါ်တွင် ပေးထားသောဇယားအရ ကုန်စည်ပမာဏအတွဲများကို မှန်ကန်သော အမှတ်စဉ်အတိုင်း ဥပမာ (က၊ ခ၊ ဂ၊ ဃ၊င) ဟု ဖော်ပြရမည်။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရေးဆွဲခိုင်းလျှင် ရေးဆွဲသည့်အဆင့်တိုင်းအတွက် အမှတ်ပေးခြင်းကို တပည့်တို့ သိစေလိုပါသည်။ အထက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း မှန်ကန်စွာ ဖြေဆိုမှုမရှိခဲ့လျှင် အမှတ်ပြည့်ရနိုင်မည် မဟုတ်ပါ။ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးပေါ်ရှိ အမှတ်တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ထုတ်လုပ်ခြင်းသည် ကုန်စည်တစ်ခုကို တိုးထုတ်ရန်အတွက် အခြားကုန်စည် တစ်မျိုးကို လျှော့ထုတ်ရမည်ဆိုသည့် ဘောဂဗေဒဘာသာရပ်၏ အရေးကြီးသည့် အခွင့်အလမ်း စရိတ်သဘောတရားများကို ဖော်ပြသည်။ ကုန်စည်တစ်ခုရဲ့ အခွင့်အလမ်းစရိတ်သည် ယင်းကုန်စည် တစ်ယူနစ်တိုးထုတ်လုပ်ရန် စွန့်လွှတ်လိုက်ရသည့် အခြားကုန်စည်တစ်ခု၏ ပမာဏဖြစ်ပါသည်။

ထို့ကြောင့် မေးခွန်းတွင် အခွင့်အလမ်းစရိတ်ကို တွက်ချက်ခိုင်းသည်ဆိုပါစို့။ ဥပမာ- အထည်ကို အမှတ်(ခ)မှ အမှတ်(ဂ)သို့ တိုးထုတ်လုပ်ပါက အထည်၏အခွင့်အလမ်းစရိတ်ကို တွက်ချက်ပါဟု မေးထားလျှင် အထည်ကိုက်(၄၀)မှ ကိုက်(၇၀)အထိ တိုးထုတ်ရန် ဆန်တင်း(၆၀)မှ တင်း(၄၀)သို့ လျှော့ထုတ်ရခြင်း၏ အခွင့်အလမ်းစရိတ်ကို တွက်ရမည်ဖြစ်သည်။ အထည်ကိုက် (၇၀-၄၀ = ၃၀) တိုးထုတ်ရန် ဆန် (၄၀-၆၀ = -၂၀) လျှော့ထုတ်ရမှာဖြစ်၍ အထည်ကိုက် (၃၀) တိုးထုတ်ရခြင်း၏ အခွင့်အလမ်းစရိတ်မှာ လျှော့ထုတ်သည့် ဆန်တင်း (၂၀)ကို တိုးထုတ်သည့် အထည်ကိုက် (၃၀) နှင့်စားရခြင်း၏ ရလဒ်ဖြစ်သည်။ တစ်နည်းအားဖြင့် (-၂၀) ÷ (၃၀) = -၀.၆၇ ဖြစ်သည်။

အထက်ပါ ဥပမာကို အောက်ပါပုံစံဖြင့်လည်း တွက်ချက်ဖော်ပြနိုင်ပါသည်။

အမှတ် (ခ)တွင် ဆန် ၆၀ တင်းနှင့် အထည် ၄၀ ကိုက်

အမှတ် (ဂ)တွင် ဆန် ၄၀ တင်းနှင့် အထည် ၇၀ ကိုက်

အထည်ကိုအမှတ်(ခ)မှအမှတ်(ဂ)သို့ တိုးထုတ်လုပ်ပါက အထည်၏အခွင့်အလမ်းစရိတ် = $\frac{\Delta R}{\Delta C}$ ၊

ဆန် = R ၊ အထည် = C၊ ပြောင်းလဲမှု = Δ ဟုသတ်မှတ်လျှင်

အထည်၏ အခွင့်အလမ်းစရိတ် =

ပြောင်းလဲသွားသောဆန်ပမာဏ ΔR = ၄၀ - ၆၀ = -၂၀ တင်း

ပြောင်းလဲသွားသောအထည်ပမာဏ ΔC = ၇၀ - ၄၀ = ၃၀ ကိုက်

အထည်၏ အခွင့်အလမ်းစရိတ် = $\frac{\Delta R}{\Delta C}$

= -၂၀/ ၃၀

= - ၀.၆၇

အခွင့်အလမ်းစရိတ်သည် အနုတ်လက္ခဏာဖြစ်နေရခြင်းမှာ ကုန်စည်တစ်မျိုးဖြစ်သော အထည်ကို တိုးထုတ်ရန် အခြားကုန်စည်တစ်မျိုးဖြစ်သော ဆန်ကို လျှော့ထုတ်လိုက်ရသည့်သဘောကို ဖော်ပြသည်။

အခန်း(၂)တွင် ဝယ်လိုအားနှင့် ရောင်းလိုအား ဆန်းစစ်မှုအခြေခံမှုအခန်းမှ ကုန်စည်များ၏အချက်အလက်များပေးထားပြီး ဝယ်လိုအားနှင့်ရောင်းလိုအား မျဉ်းကွေးများရေးဆွဲ၍ အားမျှအရေအတွက်နှင့် ဈေးနှုန်းအပေါ် အကျိုးသက်ရောက်ပုံကိုလည်း တွက်ချက်သုံးသပ်ခိုင်းနိုင်ပါသည်။ ဥပမာ- မိုးခေါင်ခြင်းကြောင့် စပါးဈေးကွက်၏ အားမျှအခြေအနေပေါ် အကျိုးသက်ရောက်ပုံကိုပုံဆွဲ၍ ဝေဖန်သုံးသပ်ပါ။ ဟုမေးထားပါက-

မိုးခေါင်ခြင်းသည် ယေဘုယျအားဖြင့် စပါးအထွက် (ထုတ်လုပ်မှု)ကိုလျှော့ကျစေမည် ဖြစ်သည်။ ထို့ကြောင့် စပါးထုတ်လုပ်မှု လျော့နည်းခြင်းသည် စပါးရောင်းလိုအားကို လျော့စေမည်ဖြစ်ရာ ဝယ်လိုအား မပြောင်းလဲသည့်အခြေအနေတွင် ရောင်းလိုအားလျော့နည်းသွားခြင်းကြောင့် ဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်သော အားမျှဈေးနှုန်း မြင့်တက်လာပြီး အားမျှကုန်စည်အရေအတွက် လျော့သွားမည်ဖြစ်သည်။

မိုးခေါင်ခြင်းကြောင့် စပါးဈေးကွက်အပေါ်အကျိုးသက်ရောက်ပုံ



ပုံတွင် DD သည် မူလဝယ်လိုအားမျဉ်းကွေး၊ SS သည် မူလရောင်းလိုအားမျဉ်းကွေး ဖြစ်သည်။ DD နှင့် SS ဖြတ်ရာ အမှတ် E သည် မူလအားမျှခြေအမှတ်ဖြစ်၍ မူလအားမျှ ဈေးနှုန်းသည် OP_0 ဖြစ်ပြီး၊ မူလအားမျှစပါးအရေအတွက်သည် OQ_0 ဖြစ်သည်။ သို့ရာတွင် မိုးခေါင်ခြင်းကြောင့် မူလရောင်းလိုအားမျဉ်းကွေးသည် လက်ဝဲဘက်သို့ ပြောင်းရွှေ့သွားပြီး ရောင်းလိုအားမျဉ်းကွေးအသစ် S_1S_1 ကို ဖြစ်ပေါ်စေသည်။ S_1S_1 သည် DD မျဉ်းကွေးကို အမှတ် E_1 တွင်ဖြတ်၍ အားမျှဈေးနှုန်းအသစ် OP_1 နှင့် အားမျှစပါးအရေအတွက် OQ_1 ကို ဖြစ်ပေါ်စေမည်။ ဤတွင် ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သည့် အားမျှဈေးနှုန်း OP_0 သည် OP_1 သို့မြင့်တက်လာပြီး၊ အားမျှအရေအတွက်သည် OQ_0 မှ OQ_1 သို့ လျော့နည်းသွားမည် ဖြစ်သည်။ ထို့ကြောင့် မိုးခေါင်ခြင်းသည် ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သည့် စပါးဈေးနှုန်းမြင့်တက်လာပြီး အရောင်းအဝယ်ပြုလုပ်သည့် စပါးအရေအတွက် လျော့သွားမည် ဖြစ်ကြောင်း သုံးသပ်တင်ပြနိုင်ပါသည်။

ထို့ပြင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းကို ကိန်းဂဏန်းပေးထားပြီး တွက်ချက်သုံးသပ်ခိုင်းနိုင်သည်။ ဥပမာ-ချည်ထည်ဈေးကွက်တွင် ချည်ထည်ဈေးနှုန်းသည် ကျပ်(၁၅၀)မှကျပ်(၁၄၀)သို့ ကျသွားသောအခါ ချည်ထည်ဝယ်ယူမည့်အရေအတွက်သည် ကိုက်(၂၅၀၀)မှ ကိုက်(၃၀၀၀)သို့ တိုးသွားပါက ချည်ထည်ဈေးနှုန်းကျပ်(၁၅၀)ရှိဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းကို တွက်ချက်သုံးသပ်ပါ။ ဟုမေးထားလျှင် ချည်ထည်၏ ဝယ်လိုအားအလျော့အတင်းသည် ချည်ထည်ဝယ်ယူမည့်အရေအတွက် ပြောင်းလဲမှု ရာခိုင်နှုန်းကို ချည်ထည်ဈေးနှုန်းပြောင်းလဲမှု ရာခိုင်နှုန်းနှင့်စားခြင်းဖြင့် ရရှိနိုင်ပါသည်။

ချည်ထည်ဝယ်ယူမည့်အရေအတွက် ပြောင်းလဲမှုရာခိုင်နှုန်းကိုတွက်သည့်အခါ (ပြောင်းလဲသွားသည့် အရေအတွက် - မူလအရေအတွက်) ÷ (မူလအရေအတွက်) ×(၁၀၀)ဖြင့် တွက်ချက်ရမည်။ တစ်နည်းအားဖြင့် (၃၀၀၀-၂၅၀၀) ÷ (၂၅၀၀) × (၁၀၀) = ၂၀% ဖြစ်မည်။ ချည်ထည်ဈေးနှုန်း ပြောင်းလဲမှု ရာခိုင်နှုန်းကိုတွက်ရာတွင်လည်း (ပြောင်းလဲသွားသည့်ဈေးနှုန်း - မူလဈေးနှုန်း) ÷ (မူလဈေးနှုန်း) × (၁၀၀) ဖြင့် တွက်ချက်ရမည်။ တစ်နည်းအားဖြင့် (၁၄၀-၁၅၀) ÷ (၁၅၀) × (၁၀၀) = (-၂၀/၃)% ရမည်။ ထို့ကြောင့် ချည်ထည်ဈေးနှုန်း ကျပ် (၁၅၀) ရှိ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းကို တွက်ချက်ရာတွင် (၂၀%) ÷ ((-၂၀/၃)%) = (-၃) ဖြစ်သည်။ ရရှိသည့် အဖြေကိုသုံးသပ်ရာတွင် ဝယ်လိုအားအလျော့အတင်းသည် တစ်ထက်ကြီးသလား။ တစ်ထက်ငယ်သလားကို ကြည့်ရမည်။ သတိပြုရမည့်အချက်မှာ ကုန်စည်တစ်ခုအတွက် ဈေးနှုန်းနှင့်ဝယ်ယူသော အရေအတွက်တို့သည် ပြောင်းပြန်ဆက်စပ်နေ၍ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း တန်ဖိုးသည် အမြဲ အနုတ်တန်ဖိုးရှိမည်။ သို့ဖြစ်၍ အလျော့အတင်း အနည်းအများကိုပြောပါက အနုတ်လက္ခဏာကို လျစ်လျူရှုပြီး ပကတိတန်ဖိုးအရသာ ဖြေရမည်။ တစ်ထက်ကြီးလျှင် ဝယ်လိုအား အလျော့အတင်းများပြီး တစ်ထက်ငယ်နေလျှင် ဝယ်လိုအားအလျော့အတင်း နည်းသည်။ ယခုတွက်ချက်ထားသည့် ချည်ထည်၏ ဝယ်လိုအားအလျော့အတင်းသည် (၃) ဖြစ်ပြီး တစ်ထက်များသည့်အတွက် ချည်ထည်၏ဝယ်လိုအား အလျော့အတင်း များသည်ဟု သုံးသပ်နိုင်သည်။ အထက်ပါဥပမာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း (-၃)ရှိသည်ဆိုသော အဓိပ္ပာယ်မှာ ချည်ထည်ဈေးနှုန်း တစ်ရာခိုင်နှုန်းကျလျှင် ချည်ထည်ဝယ်ယူသော အရေအတွက် (၃) % တိုးလာမည်ဟု ဆိုလိုသည်။

ထပ်မံ၍ ဝယ်လိုအား၏ဝင်ငွေအလျော့အတင်းကိုလည်း ကိန်းဂဏန်းများပေးထားပြီး တွက်ချက်သုံးသပ်ခိုင်းနိုင်ပါသည်။ ရရှိသည့်အဖြေကိုသုံးသပ်ရာတွင် ဝယ်လိုအား၏ ဝင်ငွေ အလျော့အတင်းသည် တစ်ထက်ကြီးသလား/တစ်ထက်ငယ်သလား၊ အပေါင်းလက္ခဏာ ရှိသလား/ အနုတ်လက္ခဏာရှိသလား/ သုညဖြစ်နေသလားဆိုခြင်းကို ကြည့်ရပါမည်။ တွက်ချက်ရရှိသော ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း အဖြေပေါ်မူတည်၍ ကုန်စည်အမျိုးအစားကိုသုံးသပ်ရပါမည်။ တွက်ချက်ရရှိသော ဝယ်လိုအား၏ဝင်ငွေ အလျော့အတင်းသည် အနုတ်လက္ခဏာ ဖြစ်နေလျှင် ကုန်ညံ့ဖြစ်ကြောင်း သုံးသပ်ရပါမည်။ အကယ်၍ တွက်ချက်ရရှိသောအဖြေသည် ၀(သုည) ဖြစ်လျှင် မရှိမဖြစ်လိုအပ်သော အခြေခံကုန်စည်ဟူ၍ သုံးသပ်ရပါမည်။ ရရှိလာသော ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းပေါ်မူတည်၍ စားသုံးသူ၏ဝင်ငွေ တစ်ရာခိုင်နှုန်း ပြောင်းလဲလျှင် ဝယ်ယူမည့်အရေအတွက် မည်မျှပြောင်းလဲလာမည်ဟုလည်း သုံးသပ်တင်ပြရမည်ဖြစ်သည်။

ဝယ်လိုအားအလျော့အတင်းနှင့်ပတ်သက်ပြီး ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းကို တွက်ချက်သုံးသပ်နိုင်သည့် မေးခွန်းမျိုးလည်းမေးနိုင်ပါသည်။ ဥပမာ- ဇယားပါအချက်များကို အသုံးပြုပြီး ကုန်စည် Y နှင့် ကုန်စည် Z တို့အတွက် ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းများကို တွက်ချက်သုံးသပ်ပါ။

$\frac{\Delta R}{\Delta C}$

ကုန်စည် X ၏ဈေးနှုန်း(ကျပ်)	ဝယ်ယူသောအရေအတွက်(ယူနစ်)	
	ကုန်စည်(Y)	ကုန်စည်(Z)
၈၀	၄၀	၁၅၀
၁၀၀	၅၀	၁၂၀

ကုန်စည် Y ၏အပြန်အလှန်အလျော့အတင်း = ကုန်စည် Y ၏အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်း / ကုန်စည် X ၏ဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်း

ကုန်စည် Z ၏အပြန်အလှန်အလျော့အတင်း = ကုန်စည် Z ၏အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်း / ကုန်စည် X ၏ဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်း

ကုန်စည် X ၏ဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်း = (၁၀၀-၈၀) / ၈၀ × ၁၀၀ = ၂၅%

ကုန်စည် Y ၏အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်း = (၅၀-၄၀) / ၄၀ × ၁၀၀ = ၂၅%

ကုန်စည် Z ၏အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်း = (၁၂၀-၁၅၀) / ၁၅၀ × ၁၀၀ = -၂၀%

ကုန်စည် Y ၏အပြန်အလှန်အလျော့အတင်း = ကုန်စည် Y ၏အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်း / ကုန်စည် X ၏ဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်း

= ၂၅% / ၂၅% = ၁

ကုန်စည် Z ၏အပြန်အလှန်အလျော့အတင်း = ကုန်စည် Z ၏အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်း / ကုန်စည် X ၏ဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်း

= -၂၀% / ၂၅% = - ၀.၈

ကုန်စည် X ၏ဈေးနှုန်း ၂၅% မြင့်တက်သွားချိန် ယင်းကုန်စည် X ၏ဝယ်လိုအား ကျဆင်းသွားပြီး ကုန်စည် Y ၏ ဝယ်ယူသည့်အရေအတွက်ကို ၂၅% တိုးတက်စေသည်။ ထို့ကြောင့် ကုန်စည် Y ၏ အပြန်အလှန်အလျော့အတင်းသည် ၁ ဖြစ်သောကြောင့် အပေါင်းလက္ခဏာဆောင်၍ ကုန်စည် X နှင့် ကုန်စည် Y တို့သည် အစားထိုးကုန်စည်များ ဖြစ်သည်ဟု သုံးသပ်ဖြေဆိုရပါမည်။

ကုန်စည် X ၏ဈေးနှုန်း ၂၅% မြင့်တက်သွားချိန် ယင်းကုန်စည် X ၏ဝယ်လိုအား ကျသွားစဉ်တွင် ကုန်စည် Z ၏ဝယ်ယူသည့်အရေအတွက်လည်း ၂၀% ကျဆင်းစေသည်။ ကုန်စည် Z ၏ အပြန်အလှန် အလျော့အတင်းသည် (-၀.၈) ဖြစ်သောကြောင့် အနုတ်လက္ခဏာဆောင်၍ ကုန်စည် X နှင့် ကုန်စည် Z တို့သည် တွဲဖက်ကုန်စည်များ ဖြစ်သည်ဟု သုံးသပ်ဖြေဆိုရပါမည်။ အကယ်၍ တွက်ချက်ရရှိသောအဖြေသည်

စာမျက်နှာ ၁၇ ကော်လံ ၁

စာမျက်နှာ ၁၆ မှ

သုည (၀) တန်ဖိုးရှိသော အလျော့အတင်းဖြစ်ပါက လေ့လာနေသောကုန်စည်သည် အခြားကုန်စည်ဈေးနှုန်း ပြောင်းလဲမှုနှင့် ဆက်စပ်မှုမရှိကြောင်း သုံးသပ်ဖြေဆိုနိုင်ပါသည်။

အခန်း (၃) တိုင်းပြည်ဝင်ငွေနှင့် ပတ်သက်ပြီး နိုင်ငံတစ်နိုင်ငံ၏ တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများ ပေးထားပြီး စုစုပေါင်း ပြည်တွင်းထုတ်ကုန် GDP၊ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် GNP၊ အသားတင်တိုင်းပြည် ထုတ်ကုန် NNP ကို တွက်ချက်ခိုင်းသည့် မေးခွန်း မေးနိုင်ပါသည်။ ယင်းတို့ကို တွက်ချက်နိုင်ရန် တိုင်းပြည် ဝင်ငွေ တွက်ချက်နည်း သုံးနည်းဖြစ်သည့် အသုံးစရိတ်နည်း၊ ကုန်ထွက်နည်းနှင့် ဝင်ငွေနည်းတို့ကို သေသေချာချာ မှတ်သားထားရန်လိုပါသည်။ ဥပမာ- ကုန်ထွက်နည်းဖြင့် မေးခဲ့သည်ဆိုပါက ကဏ္ဍအလိုက် ကုန်ထွက် စုစုပေါင်း (အင်အားစုအခဈေးနှုန်း)မှ လုပ်ငန်းချင်း အသုံးပြုမှု တန်ဖိုးကိုနုတ်လိုက်ပါက GDP (အင်အားစု အခဈေးနှုန်း)ကို ရရှိပါမည်။ ယင်းမှ အခွန်အကောက်ကိုပေါင်းပြီး ထောက်ပံ့ကြေးကိုနုတ်ပါက GDP(ဈေးကွက် ပေါက်ဈေး)ကိုရပါမည်။ ယင်းထဲမှ ကုန်ထုတ်အင်အားစုများအတွက် နိုင်ငံခြားသို့အသားတင် ပေးရသောဝင်ငွေကို နုတ်ပါက GNP(ဈေးကွက်ပေါက်ဈေး) ကို ရရှိပါမည်။ ဆက်လက်၍ ချွတ်ယွင်းပြုန်းတီးမှုတန်ဖိုးကို နုတ်ပါက အသားတင် တိုင်းပြည်ထုတ်ကုန် NNP ကိုရရှိမည်။ သတိပြုရမည့် အချက်တစ်ချက်မှာ ပေးထားသော ကိန်းဂဏန်းများသည် ကျပ်သန်းပေါင်းဖြင့် ပေးထားသည်ဆိုပါက ကျပ်သန်းပေါင်း ထည့်ပေးရန်လိုပါသည်။ ကျပ်သန်းပေါင်း မထည့်ပါက အဖြေမှန် ထွက်ရှိနေသော်လည်း အမှတ်ပြည့် ရနိုင်မည်မဟုတ်ပါ။

ဥပမာ (၁) နိုင်ငံတစ်နိုင်ငံ၏ ၂၀၀၃/ ၂၀၀၄ ခုနှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများကို ၁၉၉၀/၁၉၉၁ ခုနှစ်ပုံသေဈေးနှုန်းများအရ အောက်ပါဇယားတွင် ဖော်ပြထားသည်။

အကြောင်းအရာ	ကျပ်သန်းပေါင်း
ကဏ္ဍအလိုက်ကုန်ထွက်စုစုပေါင်း (အင်အားစုအခငွေဈေးနှုန်း)	၆၀၇၂၀
လုပ်ငန်းချင်းအသုံးပြုမှုတန်ဖိုး	၁၆၄၀၀
အခွန်ကောက်	၃၅၆၀
ထောက်ပံ့ကြေး	၁၆၈၀
နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ	၅၄၀၀
ချွတ်ယွင်းပြုန်းတီးမှုတန်ဖိုး	၇၆၀၀

အဆိုပါနိုင်ငံ၏ဈေးကွက်ပေါက်ဈေးအရ တွက်ချက်ထားသော GDP, GNP နှင့် NNP တို့ကိုရှာပါ။

ကဏ္ဍအလိုက်ကုန်ထွက်စုစုပေါင်း (အင်အားစုအခငွေဈေးနှုန်း)	ကျပ်သန်းပေါင်း	၆၀၇၂၀
(-) လုပ်ငန်းချင်းအသုံးပြုမှုတန်ဖိုး	။	- ၁၆၄၀၀
GDP(အင်အားစုအခငွေဈေးနှုန်း)	။	၄၄၃၂၀
(+) အခွန်ကောက်	။	၃၅၆၀
		၄၇၈၈၀
(-)ထောက်ပံ့ကြေး	။	- ၁၆၈၀
GDP(ဈေးကွက်ပေါက်ဈေး)	။	၄၆၂၀၀
(-)နိုင်ငံခြားသို့အသားတင်ပေးသောဝင်ငွေ	။	- ၅၄၀၀
GNP(ဈေးကွက်ပေါက်ဈေး)	။	၄၀၈၀၀
(-)ချွတ်ယွင်းပြုန်းတီးမှုတန်ဖိုး	။	- ၇၆၀၀
NNP(ဈေးကွက်ပေါက်ဈေး)	။	၃၃၂၀၀

ဥပမာ(၂)- နိုင်ငံတစ်နိုင်ငံ၏ ၂၀၀၄ခုနှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများကို ၁၉၉၆ခုနှစ် ပုံသေဈေးနှုန်းများအရ အောက်ပါဇယားတွင် ဖော်ပြထားသည်။

အကြောင်းအရာ	ကျပ်သန်းပေါင်း
စားသုံးမှုတန်ဖိုး	၃၅၉၅၈
ရင်းနှီးမြှုပ်နှံမှုတန်ဖိုး	၁၂၆၃၅
အစိုးရအသုံးစရိတ်	၂၃၅၇၅
ပို့ကုန်တန်ဖိုး	၆၅၂၈
သွင်းကုန်တန်ဖိုး	၅၁၀၆
နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ	-၂၂၂
ပြုန်းတီးမှုတန်ဖိုး	၆၃၈၂

(၁) စုစုပေါင်းပြည်တွင်းထုတ်ကုန်
(၂) စုစုပေါင်းတိုင်းပြည်ထုတ်ကုန်
(၃) အသားတင်တိုင်းပြည်ထုတ်ကုန် တို့ကိုတွက်ချက်ပါ။

(၁) စုစုပေါင်းပြည်တွင်းထုတ်ကုန်(GDP) = စားသုံးမှုတန်ဖိုး (C) + ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (I) + အစိုးရအသုံးစရိတ်(G) + ပို့ကုန်တန်ဖိုး(X) – သွင်းကုန်တန်ဖိုး(M)
= ၃၅၉၅၈ + ၁၂၆၃၅ + ၂၃၅၇၅ + ၆၅၂၈ – ၅၁၀၆
= ၇၃၅၉၀ ကျပ်သန်းပေါင်း

(၂) စုစုပေါင်း တိုင်းပြည်ထုတ်ကုန်(GNP) = စုစုပေါင်းပြည်တွင်းထုတ်ကုန် - နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ
= GDP - NIPA
= ၇၃၅၉၀ - (-၂၂၂)
= ၇၃၈၁၂ ကျပ်သန်းပေါင်း

(၃)အသားတင်တိုင်းပြည်ထုတ်ကုန်(NNP) = စုစုပေါင်းတိုင်းပြည်ထုတ်ကုန်(GNP) - ပြုန်းတီးမှုတန်ဖိုး
= ၇၃၈၁၂ - ၆၃၈၂
= ၆၇၄၃၀ ကျပ်သန်းပေါင်း

အခန်း(၆) အပြည်ပြည်ဆိုင်ရာ စီးပွားရေးဆက်သွယ်မှုနှင့်ပတ်သက်ပြီး ကုန်ဖလှယ်မှုအချိုးနှင့် ပတ်သက်၍ တွက်ချက်သည့် မေးခွန်းလည်းမေးနိုင်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ ကုန်ဖလှယ်မှုအချိုး တွက်ချက်မှုများကို သေသေချာချာ မှတ်သားထားရန်လိုပါသည်။ ဥပမာအားဖြင့် (၁) ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်ဈေးဆနှုန်းကိန်းမှာ ၈၅.၇ ဖြစ်၍ သွင်းကုန်ဈေးဆနှုန်းကိန်းမှာ ၈၂.၂ ဖြစ်ခဲ့လျှင် ထိုနှစ်အတွက် ယင်းနိုင်ငံ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်သုံးသပ်ပြပါ။ (၂) အကယ်၍ ၂၀၀၃ - ၂၀၀၄ ခုနှစ်တွင် ထိုနိုင်ငံ၏ သွင်းကုန် ဈေးဆနှုန်းကိန်းမှာ ၈၆.၃ သို့မြင့်တက်လာပါက ထိုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို တွက်ချက် သုံးသပ်ပြပါဟုပေးထားလျှင် ပထမဦးစွာ ၂၀၀၂-၂၀၀၃ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ရပါမည်။ တွက်ချက်သည့်အခါ ပေးထားချက်များဖြစ်သည့် -

၂၀၀၂-၂၀၀၃ ခုနှစ်အတွက် ပို့ကုန်ဈေးဆနှုန်းကိန်း = ၈၅.၇
သွင်းကုန်ဈေးဆနှုန်းကိန်း = ၈၂.၂ ရေးပြီး
ပုံသေနည်းဖြစ်သည့်

ကုန်ဖလှယ်မှုအချိုး = ပို့ကုန်ဈေးဆနှုန်းကိန်း / သွင်းကုန်ဈေးဆနှုန်းကိန်း × ၁၀၀ တွင် အစားသွင်းခြင်းဖြင့်တွက်ချက်နိုင်ပါသည်။

= ၈၅.၇ / ၈၂.၂ × ၁၀၀ = ၁၀၄.၃ အဖြေထွက်ခဲ့လျှင်

ယင်းအဖြေကိုသုံးသပ်ပြရပါမည်။ ၂၀၀၂-၂၀၀၃ ခုနှစ်အတွက် ပေးထားသောနိုင်ငံ၏ ကုန်ဖလှယ်မှုအချိုးများ တိုးတက်လာပြီး ထိုနိုင်ငံအတွက် အခွင့်သာစေပါသည်ဟု သုံးသပ်နိုင်ပါသည်။ ဆက်လက်၍ ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို ဆက်လက်တွက်ချက်နိုင်ပါသည်။

၂၀၀၃-၂၀၀၄ ခုနှစ်အတွက်
ပို့ကုန်ဈေးဆနှုန်းမှာ = ၈၅.၇
သွင်းကုန်ဈေးဆနှုန်းမှာ = ၈၆.၃

ကုန်ဖလှယ်မှုအချိုး = ပို့ကုန်ဈေးဆနှုန်းကိန်း / သွင်းကုန်ဈေးဆနှုန်းကိန်း × ၁၀၀

= ၈၅.၇ / ၈၆.၃ × ၁၀၀ = ၉၉.၃

ယင်းတွက်ထားသောအဖြေကို သုံးသပ်ပြရမည်ဆိုပါက ၂၀၀၃-၂၀၀၄ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကျဆင်းသွားသောကြောင့် ထိုနိုင်ငံအတွက် အခွင့်မသာသော ကုန်ဖလှယ်မှုအချိုးဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။

၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် ဖြေဆိုမည့်တပည့်များကို မှာကြားလိုတာကတော့ ဒသမတန်းဘောဂဗေဒ ပြဋ္ဌာန်းစာအုပ်တွင်ပါသည့် အကြောင်းအရာသဘောတရားများကို ကောင်းစွာနားလည်သဘောပေါက်ပြီး သေသေချာချာဖတ်ရှု မှတ်သားထားပါက တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မည် ဖြစ်ပါသည်။ ။

ရောင်းမည်

စားသောက်ဆိုင်သုံးပစ္စည်းများ လျှော့ဈေးဖြင့် ရောင်းရန်ရှိသည်။
ဆက်သွယ်ရန် ဖုန်း-၅၂၄၃၂၁။

ဗေဒ သိဒ္ဓိ ကျွဲတံ
ဆရာအောင်ကျော်ဇော
သင်၏ဇာတာအရ
၂၀၀၉ခုနှစ်အတွက်ဟောစာတမ်း
အိမ်အရောက်ပို့ပေးသည်။
ဖုန်း-၀၁-၅၈၄၆၄၂၊ (ကျပ်၅၀၀၀)။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဘုရားလမ်း၊
တိုက်(၁၇၆)၊ အခန်း ၄၀၁ နေ
ဦးမြင့်သိန်း-ဒေါ်နော်အေးချိုတို့၏သား
မောင်ကျော်ဇင်ထွန်း
နှင့်
ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊
အင်ကြင်းမြိုင်အိမ်ရာ၊ တိုက်(၄)၊ အခန်း ၁၀၁ နေ
ဦးမြင့်ဟန်-ဒေါ်ရင်မြင့်တို့၏သမီး
မပပဝင်း
တို့သည် ၁၁-၁-၂၀၀၉ရက်တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးကြောင်း။ **မောင်ကျော်ဇင်ထွန်း-မပပဝင်း။**

အမည်ပြောင်း

အဖ ဦးမောင်မောင်လှ၏သမီး မပွင့်ဦးလွင် ၁၁/ကဖန(နိုင်)၀၆၈၈၆၂အား မသင်းသီရိနိုင်ဟု ပြောင်းလဲခေါ်ပါရန်။
သင်းသီရိနိုင်။

တတိယအကြိမ် သံသရာခရီးသည်၏ ပထမထွက်ရာလမ်း ၁၈ရက် အထူးတရားစခန်း

အရှင်အာဒိစ္စရံသီ(စာရေးဆရာဆန်းလွင်)၏ အထူးတရားစခန်းပွဲကို ရန်ကုန်မြို့ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊စက်မှုလက်မှု ၄ လမ်း၊ အမှတ်(၁၉)ရှိ သဒ္ဓမ္မကာရီ ဓမ္မရိပ်သာတွင် ၁၂-၂-၂၀၀၉ရက်မှ ၂-၃-၂၀၀၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ စခန်းဝင်လိုသူယောဂီများ ဆက်သွယ်ရန် ဦးမြတ်ထွန်း ဖုန်း-၅၄၃၈၂၆၊ ဒေါ်မြတ်ကလျာဆန်း ဖုန်း-၀၉-၅၁-၅၇၃၃၉၊ ဒေါ်ခိုင်ခိုင်ရွှေ ဖုန်း-၀၉-၅၁-၆၄၁၃၂။

တရားဝင်ဇနီးမယားဖြစ်ကြောင်း အသိပေးကြေညာခြင်း

အဖ ဦးM.B ရောင်း၏သမီး ကျွန်မ မခင်ကြည်(ခ)လာနီ ၁၂/မဂတ(နိုင်)၀၇၂၄၉၃ အမှတ်၂၅၊၉၄လမ်း၊ကန်/တောင်ရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ် နေထိုင်သူသည် အဖ ဦးပေရိယာဆာမိ(ခ)ဦးမြဝင်း၏သား ကိုစိုးအောင်(ခ)ဆန်သာနင်(မ်) ၁၂/ပဇတ(ဧည့်)၀၀၀၄၅၄ အမှတ် ၅၆၊ ကွက်သစ်ဖြတ်လမ်း (၅)ရပ်ကွက် ပုဇွန်တောင်မြို့နယ်နေသူနှင့် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့သည်မှာ သားတစ်ယောက်ပင်ရရှိခဲ့ပြီးဖြစ်ပါ၍ ကျွန်မသာလျှင် ကိုစိုးအောင်၏ တရားဝင်ဇနီးမယားဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **မခင်ကြည်(ခ)လာနီ အမှတ်၂၅၊ ၉၄လမ်း၊ ကန်/တောင် မင်္ဂလာတောင်ညွန့်မြို့နယ်။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၃၄၅၃၃ Honda ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာ ၉/လဝန(နိုင်)၀၅၀၈၆၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး (နေပြည်တော်)။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့်ဇနီး ရှရီ မာတီ ဆယ်မာ အန်ဆာရီ တို့သည် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံသံအမတ်ကြီး H.E. Mr. Aloke Sen နှင့်ဇနီး၊ စစ်သံမှူး Colonel Manoj Mukund Naravane နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် ဇနီး

စာမျက်နှာ ၈ ကော်လံ ၅ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့်ဇနီး ရှရီ မာတီ ဆယ်မာ အန်ဆာရီတို့အား နေပြည်တော်လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

ဦးပြေကျော်၏ အများစုရဲ့ အဆုံးအဖြတ်ကို အနည်းစုက လိုက်နာတာ ဒီမိုကရေစီ ကျင့်စဉ် ပါပဲ ဆောင်းပါး စာ - ၅ တွင် ဖတ်ရှုနိုင်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅၊ ၁၆ နှင့် ၁၇ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

မြန်မာ့အလင်း (၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

➢ ပြည်ထောင်စုစိတ်ဓာတ် အကျင့်မြတ်

ဖိုးရန်နိုင်(ကျောက်ကြီး)၏ ကဗျာ စာ - ၈

➢ တစ်လှေတည်းစီး တစ်ခရီးတည်းသွား

ရဲမင်းထက်၏ ကာတွန်း စာ - ၈

➢ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရခိုင်ပြည်နယ်

စာ - ၉